# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 17 December 2016 (၈၇၇၈)


# သီပေါမင်းတရားကြီး နတ်ပြည်စံသက် နှစ်တစ်ရာပြည့်အလှူအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက် သီပေါမင်းနတ်ပြည်စံသက် နှစ်တစ်ရာပြည့်အလှူအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ ရတနာဂီရိမြို့ရှိ သီပေါမင်းတရားကြီး အုတ်နန်းပြာသာဒ်ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ၊ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ သီပေါမင်း၏မြစ်တော် ဦးစိုးဝင်းနှင့် သီပေါမင်း၏ ဆွေတော်မျိုးတော်များ၊ အိန္ဒိယ ဗဟိုအစိုးရမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီပေါမင်းတရားကြီး၏ အုတ်နန်းပြာသာဒ်အား ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့**




**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ သီပေါမင်း၏ အနွယ်တော်များနှင့်စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

## သတင်းအညွှန်း

**ရေဝတီမြစ်ဝကျွန်းပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာရေးဆွဲဆောင်ရွက်မှု မြန်မာ-နယ်သာလန် ပူးပေါင်းဆောင်ရွက်မည်**


သတင်းစာမျက်နှာ » ၂


**မီးသတ်ဦးစီးဌာနအတွက် ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရိုသန်း ၅၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေး**


သတင်းစာမျက်နှာ » ၅


**တစ်လထက်တစ်လမြင့်တက်လာသည့် ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ သင့်တင့်သောဈေးနှုန်းရရှိရေး ထိန်းညှိဆောင်ရွက်လျက်ရှိ**


သတင်းစာမျက်နှာ » ၁၁





ကြေးမုံ

# မီးဘေးအန္တရာယ်နှင့် မီးသတ်ဦးစီးဌာန အဆင့်မြှင့်တင်ရေး

ပြည်သူလူထု၏ဘဝကို ရုတ်တရက်ချက်ချင်းဆိုသလို ပြောင်းပြန်လှန်၍ အတိဒုက္ခဖြစ်ပွားစေသော အန္တရာယ်များတွင် မီးဘေးအန္တရာယ်ပါဝင်ပါသည်။ မီးဘေးအန္တရာယ်၏ ကြောက်လန့်စရာသဘာဝကြောင့် မြန်မာလူမျိုးတို့က မီးဘေးအန္တရာယ်ကို ရန်သူမျိုးငါးပါးစာရင်းတွင် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးသည် အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ သို့သော် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သောပစ္စည်းကိရိယာများ စုစည်းထားရှိခြင်းနှင့် ကျွမ်းကျင်မှုအဆင့်မြှင့်တင်မှုတို့သည် တခြားကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသည် များစွာခေတ်နောက်ကျကျန်ရစ်ခဲ့ပါသည်။ ပစ္စုပ္ပန်ကာလ၌ အထပ်မြင့်အဆောက်အအုံတို့ကို သိသိသာသာတိုးချဲ့ဆောက်လုပ်နေပါသော်လည်း အဆိုပါအထပ်မြင့်အဆောက်အအုံများတွင် မီးဘေးအန္တရာယ်ရင်ဆိုင်ရပါက ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းသည် မြန်မာနိုင်ငံ၌ လိုအပ်ချက်များစွာရှိနေသေးသည်ဟု သုံးသပ်ရမည်ဖြစ်ပါသည်။ မီးသတ်ဦးစီးဌာနကို စတင်ထူထောင်ချိန်မှစ၍ ပစ္စုပ္ပန်ကာလအထိ ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတစ်စုံတစ်ရာ မရှိခဲ့ခြင်းက လိုအပ်ချက်များစွာရှိနေသေးသည်ဟူသော တင်ပြချက်အပေါ် ပိုမိုလေးနက်စေပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဒီဇင်ဘာလ ၁၃ ရက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပိုလန်သမ္မတနိုင်ငံမှ ချေးငွေဖြင့်ဆောင်ရွက်မည့် မီးသတ်ဦးစီးဌာန အဆင့်မြှင့်တင်ရေးလုပ်ငန်းတို့ တင်ပြခဲ့သည်ကိုတွေ့ရှိရပါသည်။ အဆိုပါအစီအစဉ်အရ ပိုလန်သမ္မတနိုင်ငံမှ ချေးငွေယူရို သန်း ၅၀ ဖြင့် မီးသတ်ဦးစီးဌာနအတွက် ခေတ်မီအဆင့်မြင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေရေးယာဉ်များ၊ မီးသတ်အထောက်အကူပြုယာဉ်များ၊ စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသည်။ ပိုမိုအားရစရာကောင်းသည်မှာ ချေးငွေအစီအစဉ်နှင့်အတူ လေ့ကျင့်သင်ကြားရေးအစီအစဉ်ပါ ပူးတွဲပါဝင်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ပူးတွဲပါဝင်သည့် လေ့ကျင့်သင်ကြားရေးအစီအစဉ်အရ မီးသတ်ဦးစီးဌာန၏ အရာရှိ ၂၁ ဦးကို ပိုလန်နိုင်ငံသို့ စေလွှတ်၍ ပိုလန်မီးသတ်တက္ကသိုလ်တွင် ရက်သတ္တခြောက်ပတ်ကြာ သင်တန်းပေးမည်ဖြစ်ပါသည်။ ထို့ပြင်မကပ ပိုလန်နိုင်ငံမီးသတ်ဌာနမှ ကျွမ်းကျင်သူတစ်ဦးနှင့် အင်ဂျင်နီယာတစ်ဦးက မြန်မာနိုင်ငံသို့ လာရောက်၍ ယာဉ်ယန္တရားပြုပြင်ထိန်းသိမ်းရေးသင်တန်း ခုနစ်ကြိမ် ပို့ချပေးမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များသည် မီးဘေးအန္တရာယ်ကာကွယ်နှိမ်နင်းရာတွင် မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။

မီးသတ်ဦးစီးဌာန အဆင့်မြှင့်တင်ရေးလုပ်ငန်းစဉ်နှင့်အတူ ပူးတွဲရရှိသည့် ကောင်းကျိုးများလည်း ရှိပါသေးသည်။ ဤလုပ်ငန်းအစီအစဉ်ကြောင့် အလတ်စားနှင့် အကြီးစားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအပါအဝင် ဓာတုဇီဝရေဒီယိုသတ္တိကြွ နျူကလီးယားနှင့် အခြားသောဘေးအန္တရာယ်ဖြစ်စေသောပစ္စည်းများ ရှင်းလင်းဖယ်ရှားရာတွင် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ မြန်မာနိုင်ငံက ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်စွမ်းရှိလာမည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံပူးပေါင်းဆောင်ရွက်မှုများပြားမြန်ဆန်လာသော ပစ္စုပ္ပန်ကာလ၌ မြန်မာနိုင်ငံအနေဖြင့် အထက်ဖော်ပြပါလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်စွမ်းရှိရေးကို မဖြစ်မနေမြှင့်တင်ထားရမည်ဖြစ်ပါသည်။ ၎င်းအပြင် ပိုလန်သမ္မတနိုင်ငံနှင့် ပြည်ထဲရေးဝန်ကြီးဌာနအကြား ချုပ်ဆိုမည့် ချေးငွေသဘောတူညီချက်သည် ဆိုင်းငံ့ကာလငါးနှစ်၊ ပြန်အပ်ကာလ (၅၅)နှစ်ဖြင့် စုစုပေါင်းချေးငွေသက်တမ်း နှစ်(၆၀)ရှိသည်သာမက အတိုးနှုန်းမှာလည်း တစ်နှစ်လျှင် သုည ဒသမ ၁၅ ရာခိုင်နှုန်းသာရှိ၍ မျှတသော ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးမည့် အဆိုပါချေးငွေအစီအစဉ်အား ကြိုဆိုထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အသိပေးဖြန့်ဝေခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၁၇-၂၀၂၁)ကို ရေးဆွဲချမှတ်နိုင်ခြင်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ နောင်လာမည့်ငါးနှစ်တာကာလတွင် ဤစီမံကိန်းပေါ်တွင် အခြေခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာပေးနိုင်မည်ဖြစ်ကြောင်းဖြင့် ယမန်နေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အသိပေးဖြန့်ဝေခြင်း အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားသည်။

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)တွင် အရေးပါသော အခန်းကဏ္ဍများဖြစ်သော ဒေသန္တရနှင့် ပထဝီသွင်ပြင်အရ ဦးစားပေးသတ်မှတ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဦးစားပေးသတ်မှတ်ခြင်း၊ မြို့နယ်အဆင့်လက်တွေ့စီမံကိန်းများ ရေးဆွဲခြင်း၊ စနစ်များကို တည်ဆောက်ခြင်း၊ အထောက်အပံ့ရပ်ဝန်းနှင့် လူထုပါဝင်ပူးပေါင်းမှုတို့ကို ပိုင်းခြားဖော်ပြထားပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြန်ဆုံးရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လက်ရှိအစိုးရ အသုံးစရိတ်နှင့် အရင်းအမြစ်များဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော အမျိုးသားကျန်းမာရေး စီမံကိန်းတစ်ခု ဖြစ်ပါကြောင်းနှင့် ပိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များအား ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေး စီမံကိန်းရည်မှန်းချက်နှင့် မူဘောင်များအကြောင်းကို ဒေါက်တာကံထွန်းက လည်းကောင်း၊ ဒေသန္တရနှင့်ပထဝီသွင်ပြင်အရ ဦးစားပေးသတ်မှတ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဦးစားပေးသတ်မှတ်ခြင်းအကြောင်းကို ဒေါက်တာသန့်စင်ထူးက လည်းကောင်း၊ မြို့နယ်အဆင့်လက်တွေ့စီမံကိန်းရေးဆွဲခြင်း၊ စနစ်များကို တည်ဆောက်ခြင်းနှင့် အထောက်အပံ့ရပ်ဝန်းအကြောင်းကို ဒေါက်တာနီလာတင်က လည်းကောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများအကြောင်းကို ဒေါက်တာရဲမင်းထွေးတို့က လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

**(သတင်းစဉ်)**

## ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာရေးဆွဲဆောင်ရွက်မှု မြန်မာ-နယ်သာလန် ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဗျူဟာဆိုင်ရာ ရေးဆွဲဆောင်ရွက်ရေးလုပ်ငန်းများကို နယ်သာလန်နိုင်ငံမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများပါဝင်ကာ မြန်မာ-နယ်သာလန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ သိရသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဗျူဟာဆိုင်ရာ ရေးဆွဲဆောင်ရွက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး ဆက်လက်၍ နည်းဗျူဟာရေးဆွဲဆောင်ရွက်မှုနှင့် ပတ်သက်၍ Delta Inception Workshop ကို ဒီဇင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုတွင် ပူးပေါင်းဆောင်ရွက်ရန် မြန်မာ-နယ်သာလန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးမှုကို ၂၀၁၃ ခုနှစ် မေလ ၂၉ ရက်က ရေးထိုးခဲ့သည်။ ယင်းအရ ၂၀၁၆ ခုနှစ်အတွင်း မြန်မာ-နယ်သာလန် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများအနက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာဆိုင်ရာ ရေးဆွဲဆောင်ရွက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းကာလ တစ်နှစ်ကြာမြင့်မည်ဖြစ်သည်။

မြန်မာ-နယ်သာလန် ပူးပေါင်းဆောင်ရွက်မည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာရေးဆွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေးပွဲတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgens က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

**(ဝဝ၁)**

## တီထွင်ကြံဆဖန်တီးနိုင်စွမ်း တိုးတက်လာစေရန် ပန်းချီဆွဲပြိုင်ပွဲကျင်းပ

**ကြို့ပင်ကောက် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ တီထွင်ကြံဆဖန်တီးနိုင်စွမ်း တိုးတက်လာပြီး ကျောင်းပြင်ပဗဟုသုတများ ရှာဖွေတတ်စေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ ပန်းချီဆွဲပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ပန်းချီဆွဲပြိုင်ပွဲတွင် အခြေခံပညာမူလတန်းကျောင်း သုံးကျောင်းနှင့် မူလွန်ကျောင်း တစ်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ရှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ပန်းချီဆွဲပြိုင်ပွဲသို့ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၉ ဦးနှင့် ဆရာ ဆရာမ ကျောင်းသားမိဘ ၁၅ ဦး တက်ရောက်ခဲ့ကြသည်။ ထိုကဲ့သို့ ပန်းချီဆွဲပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကလေးစာဖတ်ခန်း၌ လစဉ်ပြုလုပ်သွားမည်ဖြစ်ရာ မြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိကာ အတွေးအခေါ်မြင့်မားသောကလေးငယ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **(ဇေယျာထွန်း)**

## ထိုင်းနိုင်ငံထုတ် သဘာဝဓာတ်ငွေ့ရည်တင်သွင်းနေသည့် မင်းပြည့်စုံကုမ္ပဏီရုံးခန်းသစ်ဖွင့်

**မြဝတီ ဒီဇင်ဘာ ၁၆**

မြဝတီမြို့ ကားဝင်းဟောင်းလမ်း အမှတ်(၄)ရပ်ကွက်၌ ဒီဇင်ဘာ ၁၄ ရက်က ထိုင်းနိုင်ငံထုတ်သဘာဝဓာတ်ငွေ့ရည်တင်သွင်းနေသည့် မင်းပြည့်စုံကုမ္ပဏီရုံးခန်းဖွင့်ပွဲကို အဆိုပါရုံးခန်းတည်ရှိရာနေရာ၌ ကျင်းပခဲ့ကြောင်း ယင်းကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ထွန်းက ပြောကြားခဲ့သည်။

မြဝတီမြို့ အမှတ်(၄)ရပ်ကွက်တွင် တည်ရှိသည့် မင်းပြည့်စုံကုမ္ပဏီ၏ ရုံးခန်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ရုံးခန်းသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် နံနက် ၁၀ နာရီခွဲက သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် ရုံးခန်းသစ်အား ဒေါ်မွှေး၊ ဦးကွမ်း၊ ဦးပြုံးချို၊ အမှတ်(၁၀၂၂) နယ်ခြားစောင့်တပ် တပ်မှူးဗိုလ်မှူး စောမုတ်သိုလ်နှင့် ဟိုက်ယက်ကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကုမ္ပဏီမှ တာဝန်ရှိသူများဖြစ်သည့် ပဒိုမန်းငြိမ်းမောင် (ဥက္ကဋ္ဌ)၊ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ထွန်း၊ ဒါရိုက်တာ ဦးမင်းဇော်ဦးတို့ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ထွန်းက အလှူငွေများပေးအပ်လှူဒါန်းရာ မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း၊ မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ခုနစ်သိန်းကို ကုမ္ပဏီပိုင်ရှင် ဦးမြင့်ထွန်းမှ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းပြင် ဆင်းရဲနွမ်းပါးသူများအား ဆန်၊ ဆီစသော စားသောက်ဖွယ်ရာများကို အမှတ်(၁၀၂၂)နယ်ခြားစောင့်တပ် တပ်မှူးဗိုလ်မှူး စောမုတ်သိုလ်၊ မင်းပြည့်ချမ်းသာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ကိုကျော်ဇေယျနှင့်တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြသည်။

**မြတ်ကို(ဒေါနမြေ)**

○

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၇၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ ဂိုအာပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် တွေ့ဆုံ






**နေပြည်တော် ဒီဇင်ဘာ ၁၆**
အိန္ဒိယသမ္မတနိုင်ငံ ရတနာဂီရိမြို့ရှိ သီပေါမင်းတရားကြီး အုတ်နန်းပြာသာဒ်ဆောင်၌ ကျင်းပသည့် သီပေါမင်းနတ်ပြည်စံသက် နှစ် ၁၀၀ ပြည့်အလှူ အခမ်းအနားတက်ရောက်ခဲ့သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော သံဃာတော်များနှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် Thibaw Point ၌ ယနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဂိုအာပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ တွေ့ဆုံပွဲတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးထံမှ တရားနာယူကြပြီး သီတဂူဆရာတော်ကြီးက ဩဝါဒစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယဗုဒ္ဓဘာသာ အစည်းအရုံးကိုယ်စားလှယ် Mr.C.Ruthna Swamy က ဒေသခံ ဗုဒ္ဓဘာသာဝင်များကိုယ်စား မိတ်ဆက်စကားပြောကြားပြီး အိန္ဒိယဆရာတော် Bthale Sumedho က ကျေးဇူးတင်စကား ပြန်လည်မြွက်ကြားသည်။

ထို့နောက် နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်ဝေတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❒ ရွှေဖုံးမှ

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ သီပေါမင်း၏ အနွယ်တော်များက ဆက်သွင်းသော သံတော်ဦးတင်လွှာနှင့် ရေစက်ချစာတမ်းများအား အနွယ်တော်များကိုယ်စား သီပေါမင်းတရားကြီး၏ မြစ်တော်များဖြစ်ကြသော မဟာစန္ဒကုမာရ ဦးစိုးဝင်းနှင့် ဒေါ်ဒေဝီခင်တို့က ဆက်သွင်းဖတ်ကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီပေါမင်းစံအိမ်တော်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သီပေါမင်း၏အနွယ်တော်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော သံဃာတော်များအား Land Mark Hotel ၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

ထို့နောက် သိက္ခာတော်ရ ဆရာတော် ဦးထွန်းလှက ဓမ္မဂုဏ်တော်ချီးမွမ်းပြီး သိက္ခာတော်ရ ဆရာတော် ဦးစောရွှေလင်းက မွေးနေ့တော်အထူးဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီက တည်ခင်းဧည့်ခံသည့် ခရစ်တော်မွေးနေ့ မိတ်သဟာယ ညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

### ❋ ချင်းတွင်းမြစ်မှ

လိုအပ်သလိုအသက်ကယ်ဖောကွင်းများ အလုံအလောက်ရှိရေးကိုလည်း မော်တော်ပိုင်များအနေဖြင့်အလေးထားဆောင်ရွက်ချိန်တန်ပြီဖြစ်ကြောင်း ဦးထွန်းထွန်းဝင်းအနေဖြင့် ပြီးခဲ့သည့် ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရာတွင် ထည့်သွင်းမေးမြန်းခဲ့သည်။

ချင်းတွင်းမြစ်တွင်းပြေးဆွဲနေသော ရေယာဉ်များအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ဖြည့်စွက်ခြင်း လုပ်ဆောင်နိုင်ခြင်းမရှိသေးမီ လက်ရှိပြေးဆွဲနေသော ရေယာဉ်များကို စနစ်တကျပြေးဆွဲနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမိန့်ညွှန်ကြားချက်များထုတ်ပြန်၍ ထိရောက်စွာလုပ်ဆောင်ပေးရန်လည်း လိုအပ်နေသေးကြောင်း သိရသည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး ဥပဒေရေးရာကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီများနှင့်ချင်းတွင်းမြစ်ဝှမ်းဒေသလွှတ်တော် ကိုယ်စားလှယ်များက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို အောက်တိုဘာ ၂၇ ရက်က တောင်းဆိုသော တောင်းဆိုချက်များ ဆောင်ရွက်ပေးရန်မှာလည်း ကြန့်ကြာနေသည်ကိုတွေ့ရကြောင်း ဦးထွန်းထွန်းဝင်းက ဆိုသည်။ အောင်စိုးမိုးကျော်-၂ တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍တရားခံများကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က)နှင့် ၂၀၁၅ ခုနှစ် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေအရ တရားစွဲရန်လိုအပ်သလို ဖြစ်စဉ်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများကို ကျူးလွန်သည့်တရားခံများနှင့်ပူးတွဲ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၁၄ အရ တရားစွဲဆို ရန်လိုအပ်ကြောင်း ဦးထွန်းထွန်းဝင်းက ပြီးခဲ့သည့်လွှတ်တော်တွင် ကြယ်ပွင့်ပြ မေးမြန်းရာတွင် ထည့်သွင်းမေးမြန်းခဲ့သည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူမှုအသိုက်အဝန်း အတူတွဲနေထိုင်ရေးနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးအတွက် ဆောင်ရွက်နေမှုကိစ္စများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့မာစီရယ်သည် ယနေ့ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရမှ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ် မောင်တောနယ်မြေ၏ လက်ရှိတည်ငြိမ်အေးချမ်းမှု၊ တိုးတက်မှုနှင့် လုံခြုံရေးအခြေအနေများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒုက္ခသည်များပြန်လည်နေရာချထားပေးမှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပေးအပ်ရာတွင် လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဒေသအတွင်း လွတ်လပ်ခွင့်၊ လုံခြုံမှုနှင့် လူ့အခွင့်အရေး ဟန်ချက်မျှတမှုရှိစေရေး လက်ရှိမြေပြင်အခြေအနေများနှင့် ကိုက်ညီအောင် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူမှုအသိုက်အဝန်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲ နေထိုင်ရေးနှင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

### ❍ မြန်မာ ယူ-၁၉ မှ

ဇင်မိုးထက် (အား/ကာ သိပ္ပံ မန္တလေး)၊ သင်းသင်းယု(အား/ကာ သိပ္ပံ ရန်ကုန်)၊ ရွှေတန်းနုနု(အား/ကာ သိပ္ပံ မန္တလေး)၊ ဇူလိုင်ကျော် (ပြည်ထဲရေး)၊ သင်းသင်းမော်(ရန်ကုန်တိုင်းဒေသကြီး)တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၅ ရက်က ဟောင်ကောင်လူငယ် အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားအပြီးတွင် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲမတိုင်မီ ဟောင်ကောင်အသင်းနှင့်သာ နိုင်ငံ တကာခြေစမ်းပွဲကစားခဲ့ရသောကြောင့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းအနေဖြင့် နိုင်ငံတကာအတွေ့အကြုံပိုင်းတွင် လိုအပ်ချက်ရှိနိုင်သော်လည်း ဟောင်ကောင်အသင်းနှင့်ပွဲတွင် အသင်း၏ လိုအပ်ချက်၊ အားနည်းချက်များကို တွေ့မြင်ခဲ့ရရာ ခြေစစ်ပွဲအမီ ပြန်လည်ပြင်ဆင်နိုင်ရန် လိုအပ်ပေသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင် က ဆောင်ရွက်လျက်ရှိပြီး ရွှေခေတ်ဘောလုံးသမားဟောင်း ဦးအေးမောင်ကြီးက အုပ်ချုပ်သူအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာရှယူ-၁၉ ခြေစစ်ပွဲ အုပ်စု (ဂ) ပွဲစဉ်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိသုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်အသင်းတို့ ပါဝင်လျက်ရှိသည်။ ခြေစစ်ပွဲတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းသည် ထိုင်းအသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ **(ရှိုင်းထက်ဇော်)**

# ဆိုက်ဘာတိုက်ခိုက်မှုများတွင် သမ္မတပူတင်ပါဝင်ပတ်သက်နေကြောင်း အမေရိကန်စွပ်စွဲ



**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အမေရိကန် ရွေးကောက်ပွဲရလဒ် အပြောင်းအလဲဖြစ်ပေါ်စေရန်အတွက် ဒီမိုကရက်တစ်ပါတီ၏ ကွန်ပျူတာများမှ အချက်အလက်များ ကြားဖြတ်ယူဆောင်ရာတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု အိမ်ဖြူတော်အရာရှိတစ်ဦးက ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီ၏ တရားဝင်အီးမေးလ်များ ပေါက်ကြားစေခဲ့သည့် ဇွန်လအတွင်းက ဆိုက်ဘာတိုက်ခိုက်မှု၌ ရုရှားအစိုးရတွင် တာဝန်ရှိသည်ဟု အမေရိကန်အစိုးရက အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ရုရှားနိုင်ငံသည် အမေရိကန် ရွေးကောက်ပွဲရလဒ် အပြောင်းအလဲဖြစ်ပေါ်စေရန် ကြိုးစားခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံက စွပ်စွဲခဲ့သည်။

အမျိုးသားလုံခြုံရေးဒုတိယအကြံပေး ဘန်ရော့ဒ်က ကြာသပတေးနေ့တွင်ပြုလုပ်ခဲ့သည့် ရုပ်သံအင်တာဗျူးတစ်ခုတွင် ပူတင်၏ အကြံအစည်မပါဘဲ ရုရှားအစိုးရအနေဖြင့် ယခုကဲ့သို့ အကျိုးဆက်များဖြစ်ပွားလာအောင် လုပ်ဆောင်လိမ့်မည်မဟုတ်ကြောင်း ပြောကြားသည်။

ရုရှားနိုင်ငံသည် ဥရောပတွင်လည်း ရွေးကောက်ပွဲများ ရလဒ်အပြောင်းအလဲဖြစ်စေရန် ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်ဟု ဘန်ရော့ဒ်က ပြောကြားသည်။ အမေရိကန်အနေဖြင့် တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်ရန် စဉ်းစားနေသည်ဟုဆိုသည်။

အဆိုပါ ဆိုက်ဘာတိုက်ခိုက်မှုများသည် ဒီမိုကရေစီကို အများပြည်သူယုံကြည်မှုလျော့ပါးစေရန် ရုရှားနိုင်ငံက ရည်ရွက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျို့စ်အားနက်စ်က ပြောကြားသည်။ ယင်းကဲ့သို့ ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရန့်က ဟီလာရီကလင်တန်ကို အန္တရာယ်ပေးနိုင်ခဲ့ပြီး အကျိုးရှိစေခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းမှတ်ချက်စကားများနှင့် ပတ်သက်၍ ဒေါ်နယ်ထရန့်က " ရုရှားနိုင်ငံက ဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်နေတယ်ဆိုရင် အမေရိကန်က ဘာကြောင့် အရေးယူတုံ့ပြန်မှုမလုပ်ခဲ့တာလဲ။ ကလင်တန် ရှုံးနိမ့်ပြီးကာမှ ဘာကြောင့်စောဒကတက်နေကြသလဲ" ဟု တုံ့ပြန်ပြောဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ။**



# သမ္မတအား ရုံးတင်စွပ်စွဲခြင်းကို ပယ်ချသင့်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို သမ္မတပတ်ရှေ့နေများက တိုက်တွန်း

**ဆိုးလ် ဒီဇင်ဘာ ၁၆**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးကို ရာထူးမှဆိုင်းငံ့ပြီး ရုံးတွင်တရားစွဲဆိုခြင်းကို တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ပယ်ချသင့်သည်ဟု သမ္မတပတ်၏ ရှေ့နေများက ယနေ့ အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

အဆိုနှင့်ပတ်သက်ပြီး သဘောထားများတင်သွင်းရန် နောက်ဆုံးနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၆ ရက်တွင် ရှေ့နေများက အဆိုပါတရားရုံးသို့ သွားရောက်ကာ သမ္မတအား တရားစွဲဆိုခြင်းဆိုင်ရာ အဆိုနှင့်ပတ်သက်ပြီး သဘောထားတစ်ရပ် တင်သွင်းခဲ့သည်။ သမ္မတကို ရုံးတင်စွပ်စွဲခြင်းသည် အခြေအမြစ်မရှိသည့်ကိစ္စဖြစ်သည့်အတွက် ယင်းအမှုကို ပယ်ချသင့်ကြောင်း သမ္မတပတ်၏ ရှေ့နေတစ်ဦးကဆိုသည်။

တရားရုံးက သမ္မတပတ်အား အမှုကြားနာရန် ဆင့်ခေါ်မည်ဆိုပါက သမ္မတကို သူ၏အကြံပေးအဖွဲ့က မျှတသောအကြံဉာဏ်များပေးမည်ဖြစ်ကြောင်းနှင့် သမ္မတတစ်ဦး အနေဖြင့် ထိုသို့လုပ်ဆောင်ရန် ခဲယဉ်းမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်ပြီး တရားရုံးကို လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းပေးရန် တိုက်တွန်းသည့် တောင်းဆိုမှုများ နိုင်ငံအတွင်းမြင့်တက်လျက်ရှိသည်။

တရားစွဲဆိုမှုနှင့်ပတ်သက်ပြီး သက်ဆိုင်သူများ၏ အပြန်အလှန်ပြောဆိုမှုများကို ကြားနာနိုင်ရန် လာမည့်ရက်သတ္တပတ်အတွင်း အစီအစဉ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားရုံးက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# တရုတ်လေယာဉ်တင်သင်္ဘော၊ စစ်လေယာဉ်များနှင့် စစ်ရေယာဉ်များ ပူးပေါင်းကာ ပထမဆုံးအကြိမ် ကျည်စစ်များသုံး၍ စစ်ရေးလေ့ကျင့်

**ပေကျင်း ဒီဇင်ဘာ ၁၆**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကိုရီးယားကျွန်းဆွယ်အနီးရှိ ဘိုဟိုင်းပင်လယ်ရေပြင်တွင် တရုတ်စစ်ဘက်က ပထမဆုံးအကြိမ် လေယာဉ်တင်သင်္ဘောနှင့် တိုက်လေယာဉ်များ၊ စစ်ရေယာဉ်များပူးပေါင်းကာ ကျည်စစ်ကျည်မှန်များ ပစ်ခတ်၍ စစ်ရေးလေ့ကျင့်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံက ပင်လယ်ရေကြောင်းပိုင်နက် အငြင်းပွားနေသော တောင်တရုတ်ပင်လယ်ပြင်အတွင်း အခြေစိုက်စခန်းများ ထူထောင်လျက်ရှိရာ ယင်းဒေသအတွင်း အမေရိကန်က ပုံမှန်လေကြောင်းနှင့် ရေကြောင်းကင်းထောက်မှုများ ပြုလုပ်လျက်ရှိပြီး တရုတ်၏ ပင်လယ်ရေကြောင်းဆိုင်ရာ စစ်စခန်းများဖွင့်လှစ်မှုကို အမေရိကန်ပြည်ထောင်စုက ပြစ်တင်ဝေဖန်ခဲ့သည်။

ဘိုဟိုင်းပင်လယ်အတွင်း နယ်မြေပိုင်ဆိုင်သည်ဟု အခြားမည်သည့်နိုင်ငံကမျှ ကြေညာထားခြင်း မရှိသော်လည်း အဆိုပါစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်သမ္မတသစ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသည့် ဒေါ်နယ်ထရန့်နှင့် တရုတ်တိုင်ပေ သမ္မတတို့ မကြာသေးမီက တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုမှုအပြီး တရုတ်အစိုးရနှင့် ထရန့်တို့အကြား တင်းမာမှု ဖြစ်ပေါ်နေချိန်အတွင်း စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခြင်းဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုတွင် တရုတ်ရေတပ်မှ စစ်ရေယာဉ် ၁၀ စင်းနှင့် ဂျက်တိုက်လေယာဉ် ၁၀ စင်းတို့ ပါဝင်ကြသည်။ လေပြင်မှ လေပြင်၊ လေပြင်မှ ရေပြင်နှင့် ရေပြင်မှ လေပြင် ပစ်ခတ်နိုင်သော ပဲ့ထိန်းဒုံးကျည်များ အသုံးပြုကာ ပစ်ခတ်လေ့ကျင့်ခဲ့ကြောင်း တရုတ်ဗဟိုရုပ်မြင်သံကြား သတင်းဌာနက ဒီဇင်ဘာ ၁၅ ရက် နှောင်းပိုင်းတွင် ထုတ်လွှင့်ခဲ့သည်။

လေယာဉ်တင် သင်္ဘောပါဝင်သည့် ရေတပ်တိုက်ခိုက်ရေး ရေယာဉ်စုက ကျည်စစ်ကျည်မှန်များ အသုံးပြုကာ ပထမဆုံးအကြိမ် စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။ ဆိုဗီယက်ခေတ်တွင် တည်ဆောက်ခဲ့သော တရုတ်နိုင်ငံ၏ပထမဆုံးသော လေယာဉ်တင်သင်္ဘော လျောင်နင်းသည် အခြားစစ်ရေယာဉ်များနှင့်အတူ ဂျေ-၁၅ ရှန်ယန်း ဂျက်တိုက်လေယာဉ်များဖြင့် လေကြောင်း ကြားဖြတ်တိုက်ခိုက်ရေးနှင့် လေယာဉ်တင်သင်္ဘော တိုက်ဖျက်ရေးတို့ကို လေ့ကျင့်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**



# ရုရှားနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုဆက်လက်ပြုလုပ်ရန် အီးယူခေါင်းဆောင်များ သဘောတူ

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၁၆**

ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ ၂၀၁၇ ခုနှစ် နှစ်လယ်ကာလအထိ ရုရှားနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှု ဆက်လက်ပြုလုပ်သွားရန် ဥရောပသမဂ္ဂ (အီးယူ) ခေါင်းဆောင်များက သဘောတူညီလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ၏ ကာကွယ်ရေး၊ စွမ်းအင်နှင့် ဘဏ္ဍာရေးကဏ္ဍများအပေါ် အရေးယူပိတ်ဆို့မည့်အစီအစဉ်ကို သက်တမ်းတိုးရန် အီးယူခေါင်းဆောင်များက ဆုံးဖြတ်ချက်ချမှတ်မည်ဟု မျှော်လင့်ရသည်။ ရုရှားနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှု သက်တမ်းတိုးရေးလုပ်ငန်းစဉ်ကို လာမည့်ရက်သတ္တပတ် အစောပိုင်းတွင် စတင်မည်ဖြစ်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်က ပြောကြားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့က ရုရှားနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှု အစီအစဉ်ကို ၁၂ လ သက်တမ်းတိုးရန် လိုလားကြသော်လည်း ခြောက်လသက်တမ်းတိုးရန်သဘောတူညီခဲ့ကြကြောင်း ဒေါ်နယ်တပ်က ပြောကြားသည်။

၂၀၁၄ ခုနှစ်တွင် ပင်လယ်နက်ဒေသရှိ ယူကရိန်းပိုင် ခရိုင်းမီးယား ကျွန်းဆွယ်ကို ရုရှားနိုင်ငံက ယင်း၏ ပိုင်နက်နယ်မြေအတွင်း ထည့်သွင်းလိုက်ပြီးနောက် ဥရောပသမဂ္ဂက ရုရှားနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုအစီအစဉ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ကို ယူကရိန်းသမ္မတ ပီထရို ပိုရိုရှင်ကိုက ကြိုဆိုလိုက်သည်။ မိမိတို့နိုင်ငံ၏ ခရိုင်းမီးယားဒေသအပါအဝင် ပိုင်နက်နယ်မြေအားလုံး စုစည်းတည်ရှိရန်နှင့် အချုပ်အခြာအာဏာပိုင်စိုးရန် လိုအပ်ပုံကို ထင်ဟပ်သည့်အနေဖြင့် ဥရောပခေါင်းဆောင်များက သွေးစည်းညီညွတ်မှုကို ပြသခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

# ဖိလစ်ပိုင်နိုင်ငံ၌ စုံစမ်းမှုပြုလုပ်နိုင်ရေး ကုလလူ့အခွင့်အရေးကျွမ်းကျင်သူ တိုက်တွန်း

**ဂျီနီဗာ ဒီဇင်ဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ပွဲတွင် တရားဥပဒေအရ ခွင့်ပြုပေးနိုင်ခြင်းမရှိသည့် သတ်ဖြတ်မှုများရှိသည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် မိမိ၏ခရီးစဉ်ကိုခွင့်ပြုပေးရန် သမ္မတ ရိုဒရီဂို ဒူတာတေးအား တိုက်တွန်းကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာပြုစုသူ အက်နက်ကာလာမက်က ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ပွဲတွင် ဥပဒေဘောင်ကျော်လွန်သည့် သတ်ဖြတ်မှုများရှိသည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာပြုစုသူ ကာလာမက်က စုံစမ်းမှုပြုလုပ်ရန် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ခဲ့သည်။ သို့ရာတွင် ကာလာမက်၏ ခရီးစဉ်နှင့်ပတ်သက်၍ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကို ၎င်းက လက်ခံခြင်းမရှိသဖြင့် ယင်းခရီးစဉ်ကို ဖိလစ်ပိုင်အစိုးရက ဖျက်သိမ်းခဲ့သည်။

**ရိုက်တာ။**

# မီးသတ်ဦးစီးဌာနအတွက် ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရို သန်း ၅၀ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် နယ်နိမိတ် ဧရိယာတိုးချဲ့ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၆ ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအတွက် ပိုလန်သမ္မတနိုင်ငံ အစိုးရထံမှ ယူရို သန်း ၅၀ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။


ဟသ်ာတ မဲဆန္ဒနယ်မှ ဦးခင်မောင်ရီ


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်


ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး

ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီက မီးသတ်ဦးစီးဌာနအတွက် လိုအပ်သည့် ယာဉ်များဝယ်ယူရန် အသုံးပြုမည့် ယူရိုငွေသန်း ၅၀ သည် အတိုးနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဆိုင်းငံ့ကာလ ငါးနှစ်၊ ပြန်လည်ပေးဆပ်မည့်ကာလ နှစ်ဝက်အရစ်ကျ၊ အကြိမ်ရေ ၁၁၀ ဖြင့် ၅၅ နှစ် စုစုပေါင်း နှစ် ၆၀ ဟု သိရပါကြောင်း၊ ချေးငွေသည် လုပ်ငန်းတစ်ခုလုံး၏ သက်သာခွင့် ၇၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်သည့်အတွက် အလွန်သက်သာသည့် ချေးငွေဖြစ်ပါကြောင်း၊ ငွေကြေးသည်လည်း ခိုင်မာသည့်ငွေကြေးဖြစ်ပြီး သက်သာသည့်အတိုးနှုန်းဖြင့် ရရှိသောကြောင့် ချေးယူသင့်ပါကြောင်း၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် ခေတ်မီနည်းပညာသုံး စက်ယန္တရားများသည် မရှိမဖြစ် လိုအပ်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)မေစိုးက လက်ရှိ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနတွင် ဖွဲ့စည်းပုံအရ မီးသတ်ယာဉ် ၃၀၀၀ကျော် ဖြည့်တင်းရန် လိုအပ်လျက်ရှိရာ နှစ်စဉ် တရုတ်နိုင်ငံမှ မီးသတ်ယာဉ်စက်များ ဝယ်ယူခဲ့သည်ဟု သိရှိရပါကြောင်း၊ ယခုဝယ်ယူမည့် ယာဉ်စက်ပစ္စည်းများသည် ကြီးမားလွန်းသဖြင့် ရန်ကုန်မြို့နှင့် မြို့ကြီးများအနေဖြင့် အထပ်မြင့်အဆောက်အအုံများ၊ ကျဉ်းမြောင်းသော လမ်းများ၊ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ၎င်းယာဉ်များ လွယ်ကူစွာသွားလာနိုင်မှု ရှိ၊ မရှိကိုလည်း သိရှိနိုင်ရန်လိုအပ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်လုပ်ငန်းများကို ရဟတ်ယာဉ်များအသုံးပြု၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ယခုရရှိသည့်ချေးငွေဖြင့် ရဟတ်ယာဉ် တစ်စင်းထည့်သွင်းဝယ်ယူမည်ဆိုပါကလည်း နောက်ထပ် မီးသတ်ယာဉ် အစီး ၅၀ ခန့် ဝယ်ယူရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၊ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးငြေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းတို့က အကြံပြု ထောက်ခံဆွေးနွေးကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှုအစီရင်ခံစာနှင့်ပတ်သက်သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၆/၂၀၁၆)အား ဆိတ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းတို့က ဆွေးနွေးကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အစီရင်ခံစာအား သဘောတူလက်ခံကြောင်း ဆုံးဖြတ်သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ အဆင်ပြေမှုသာ ဆက်နွယ်သောလုပ်ငန်းများ လည်ပတ်မှုလျင်မြန်လာမည်ဖြစ်ပြီး မြို့နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း၊ ရယူမည့်ချေးငွေသည် အတိုးမဲ့ချေးငွေဖြစ်သော်လည်း အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနအနေဖြင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ပေးရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်းတို့က အကြံပြု ထောက်ခံဆွေးနွေးကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၇/၂၀၁၆)နှင့်စပ်လျဉ်း၍ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ မိုးညှိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်းတို့က ဆွေးနွေးကြပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသည့် လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အဖွဲ့အစည်းတစ်ခုချင်းစီ၏ ပကတိအခြေအနေများကို အလေးထားစိစစ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၇/၂၀၁၆)ပါ အချက်အလက်များကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**မျိုးမြင့် (သတင်းစဉ်)**

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လုပ်ငန်းကော်မတီနှင့် ကြီးကြပ်ရေးကော်မတီတွင် နိုင်ငံရေးပါတီအစုအဖွဲ့များအနေဖြင့် ပါဝင်မည့်ကိုယ်စားလှယ်ရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ ဆွေးနွေးပုံအဆင့်ဆင့်တွင် တာဝန်ယူဆောင်ရွက်ပေးမည့်လုပ်ငန်းကော်မတီများ၊ ကြီးကြပ်ရေးကော်မတီများဖွဲ့စည်းရန်အတွက် နိုင်ငံရေးပါတီအစုအဖွဲ့များ၏ ကော်မတီကိုယ်စားလှယ်များရွေးချယ်မည့် စုဖွဲ့ညှိနှိုင်းမှုကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Orchid ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲ၌ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရာတွင် နိုင်ငံရေးပါတီအစုအဖွဲ့များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး ငါးနေရာအနက် ရွေးချယ်ရန်လိုအပ်နေသေးသည့် အတွင်းရေးမှူး နှစ်ဦးရွေးချယ်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး၊ မြေယာ သဘာဝသယံဇာတနှင့် လုံခြုံရေးကဏ္ဍငါးခု၏ လုပ်ငန်းကော်မတီများတွင် ပါဝင်မည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံရေးပါတီ အစုအဖွဲ့အနေဖြင့် ဆွေးနွေးပွဲမှရရှိလာသည့် လုပ်ငန်းကော်မတီများ၊ ကြီးကြပ်ရေးကော်မတီများတွင် ပါဝင်မည့် ကိုယ်စားလှယ်စာရင်းများကို ဒီဇင်ဘာ ၁၇ ရက်နေ့ ရန်ကုန်မြို့ NRPC ၌ ပြုလုပ်မည့် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးတွင် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။


နိုင်ငံရေးပါတီအစုအဖွဲ့များ၏ ကော်မတီကိုယ်စားလှယ်များရွေးချယ်မည့် စုဖွဲ့ညှိနှိုင်းမှုအစည်းအဝေး ကျင်းပစဉ်။

ယနေ့အစည်းအဝေးတွင် ဆွေးနွေးသည့် အကြောင်းအရာများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် တာဝန်ယူဆောင်ရွက်ပေးမည့် လုပ်ငန်းကော်မတီများ၊ ကြီးကြပ်ရေးကော်မတီများအတွက် စုဖွဲ့မှုပုံစံနှင့် လက်ရှိ နိုင်ငံရေးအခင်းအကျင်းတို့အား သိရှိနိုင်ရန်အတွက် နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စားပြု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ အတွင်းရေးမှူး စိုင်းကျော်ညွန့် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)အား တွေ့ဆုံမေးမြန်းခဲ့သည်။

"အခုအစည်းအဝေးက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ ဆွေးနွေးပုံ အဆင့်ဆင့်မှာ လုပ်ငန်းကော်မတီတို့၊ ကြီးကြပ်ရေးကော်မတီတို့အတွက်ပါ။ လုပ်ငန်းကော်မတီမှာဆိုလည်း ကျွန်တော်တို့ နိုင်ငံရေးပါတီ အဆင့်ဆင့်တွေပါတယ်။ ကြီးကြပ်ရေးကော်မတီဆိုရင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေအလိုက်ပါတော့ ကော်မတီတွေမှာပါဖို့ ဘယ်လိုရွေးချယ်မယ်ဆိုတာတွေ ဆွေးနွေးတာပါ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာ သဘာဝသယံဇာတနဲ့ လုံခြုံရေးကဏ္ဍငါးခုအတွက် ကဏ္ဍတစ်ခုစီမှာ အတွင်းရေးမှူး သုံးဦးပါမယ်။ အစိုးရကိုယ်စားလှယ် တစ်ဦး၊ တိုင်းရင်းသား လက်နက်ကိုင်ဘက်က ကိုယ်စားလှယ်တစ်ဦး၊ ကျွန်တော်တို့ နိုင်ငံရေးပါတီဘက်က ကိုယ်စားလှယ်တစ်ဦးပေါ့။ ကဏ္ဍငါးခုအတွက်ဆို အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်၊ နိုင်ငံရေးပါတီ အစုသုံးစုက ကိုယ်စားလှယ်ငါးဦးစီနဲ့ လုပ်ငန်းကော်မတီအတွင်းရေးမှူး ၁၅ ဦးပါပါမယ်။ နောက် အတွင်းရေးမှူးမဟုတ်ဘဲ အစိုးရအစုက လေးဦး၊ တိုင်းရင်းသားလက်နက်ကိုင်ဘက်က လေးဦးနဲ့ နိုင်ငံရေးပါတီဘက်က လေးဦးဆိုပြီး ၁၂ ဦးထပ်ပါမယ်။ ဒါဆို အစုတစ်စုစီက ကဏ္ဍအားလုံးအတွက် ၂၅ ဦးဖြစ်သွားပါမယ်" ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအတွက် နိုင်ငံရေးပါတီအစုအဖွဲ့မှ လက်ရှိရွေးချယ်ထားပြီး သုံးဦးရှိရာ နောက်ထပ် အတွင်းရေးမှူးနှစ်ဦးအား မည်သူတွေကို ရွေးချယ်မလဲ မေးခွန်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ UPDJC မှာပါတဲ့ နိုင်ငံရေးပါတီတွေက ပြီးခဲ့တဲ့ အစည်းအဝေးမှာကတည်းက ရွေးချယ်တာရှိပါတယ်။ နောက်ထပ် တိုးချဲ့မယ့် UPDJC အတွင်းရေးမှူး နှစ်ဦးအတွက်လည်း လျာထားပြီးဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေက ရွေးချယ်ထားတဲ့ ပထမ UPDJC အတွင်းရေးမှူး သုံးဦးက ကျွန်တော်ရယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးနိုင်ငံလင်းရယ်၊ နောက် ကြံ့ခိုင်ရေးပါတီက ဦးမြင့်စိုးရယ်ပါ။ တိုးချဲ့ဖို့ကတော့ မွန်အမျိုးသားပါတီက ဦးကျော်ဇေယျာဦးရယ်၊ တအာင်း(ပလောင်) အမျိုးသားပါတီက တာလှဖေရယ်ပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အစိုးရအစုအဖွဲ့ကလည်း အတွင်းရေးမှူးငါးနေရာအတွက် ထပ်တိုးရွေးချယ်မှာပါ။ မနက်ဖြန် ဒီဇင်ဘာ ၁၇ ရက်နေ့မှာဆိုလည်း ကျွန်တော်တို့ UPDJC အတွင်းရေးမှူးတွေရဲ့ အစည်းအဝေးရှိတယ်။ အဲဒီမှာ လုပ်ငန်းကော်မတီဖွဲ့ရမှာတွေ၊ ကြီးကြပ်ရေးကော်မတီတွေ ဖွဲ့ရမှာတွေရှိပါတယ်"ဟု ပြောကြားသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများစတင်ရန် နိုင်ငံရေးပါတီ အစုအဖွဲ့များ အဆင်သင့်ဖြစ်ပြီလား မေးခွန်းနှင့်ပတ်သက်၍ "နိုင်ငံရေးပါတီတွေက နည်းနည်းအခက်အခဲရှိတယ်။ ငွေရေးကြေးရေးကိစ္စရှိတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်မယ်ဆိုတော့ ရန်ပုံငွေကိစ္စ အခက်အခဲရှိတယ်။ နိုင်ငံရေးပါတီက တိုက်ရိုက်ငွေကြေးအကူလည်းယူလို့မရဘူး။ နောက် ကြားထဲမှာ ကြားခံအဖွဲ့အစည်းတစ်ခုခုကနေ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်မယ်။ ဒီတော့ စီစဉ်ရဦးမယ်။ နိုင်ငံရေးပါတီတွေ လုပ်ချင်တယ်ဆိုရင် ရှမ်းမှာဆို ကျွန်တော်တို့ SNLD တစ်ခုတည်းမဟုတ်တော့ ဘယ်လိုလုပ်မလဲ။ အနိုင်မရတဲ့ အခြားပါတီတွေလည်း ရှိတယ်။ ဘယ်လိုလုပ်မလဲ။ ပူးပေါင်းပြီးတော့ လုပ်မလား။ နောက်တိုင်းရင်းသားလက်နက်ကိုင် (EAOs)တွေနဲ့ပေါင်းမလား။ မနိုင်တဲ့ ပါတီတွေခေါ်မယ်။ နောက် EAOs တွေနဲ့ ပေါင်းမလား။ ဒါတွေရှိတယ်"ဟု ဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့

# သတင်းသမား မပျင်းအား

## ဦးဟန်ညွန့်(ဥပဒေ)

**အိပ်ရာထနောက်ကျ**

မနေ့ ညက TV ရှေ့မှာ ဟိုနှိပ်၊ ဒီနှိပ်။ Facebook ကိုလည်း မကြည့်ရမနေနိုင်။ နိုင်ငံခြားသတင်းနှင့် ပြည်တွင်းသတင်းတွေက အပြိုင်အဆိုင်။ အချိန်ကုန်မှန်းမသိလိုက်။ အိပ်ရာဝင်တော့ ညဥ့်နက်နေပြီ။ ထို့ကြောင့် အိပ်ရာထပင်နောက်ကျသည်။ သြော်. . . ရန်ကုန်သွားရဦးမည်။ သတင်းသမား မပျင်းအား။

**စာဆိုရာသီ**

ဒီဇင်ဘာလက စာဆိုရာသီ။ စာဆိုတော်နေ့ဂုဏ်ပြုပွဲသက်ကြီးစာပေပညာရှင်များအား နှစ်စဉ်ပူဇော်ကန်တော့ပွဲ ကျင်းပမြဲ။ ရန်ကုန်မြို့တော်ခန်းမသို့ရောက်၊ ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့်အမှူးပြု၍ စာရေးဆရာ၊ သတင်းစာဆရာကြီးများအား လက်အုပ်ချီမိုးရှိခိုးကန်တော့ကြသည်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းလည်း တက်ရောက်သည်ကိုတွေ့ရသည်။ စာပေသမား အတော်စုံလင်သည်။

**စောစောစီးစီးရှုမငြီး**

“မရေးတော့ဘူး”ဟု ပိုင်းဖြတ်ထားသော်လည်း ရေးရဦးမည်။ စောစောစီးစီး မင်္ဂလာနံနက်ခင်းမှာ သက်ကြီးဆရာကြီး ဆရာမကြီးတွေကို မင်္ဂလာယူ၍ လူကြီးတွေကို ကန်တော့နေသည့်အချိန်။ ဤအချိန်သည် တန်ဖိုးရှိသည်။ အချိန်နှင့်အမျှ မအားလပ်သည့်ကြား (အစီအစဉ်တွေ ဆောင်ရွက်နေသည့်ကြားက) သတင်းထောက်တစ်ဦးက ဝန်ကြီးချုပ်ကို အတင်းလာပူးသည်။ အသံဖမ်းစက်နှင့်တွေ့ဆုံခန်း (Interview)လုပ်ပါရစေ ပြောသည်။ ငြင်းချိန်မရလိုက်။ အတင်းဓာတ်ပုံရိုက်၊ အတင်းမေးခွန်းထုတ်။ စာရေးသူက မနေသာ။ အဆိုပါသတင်းထောက်အား ပြီးမှ ဗျူးရန် ဝင်တားရသည်။ တားသည့်ကြားမှ ဝန်ကြီးချုပ်နှင့် အမှတ်တရတွဲ၍ ဓာတ်ပုံရိုက်ပါရစေ လုပ်နေသေးသည်။ အခမ်းအနားမှူးက ဝန်ကြီးချုပ်အား လူကြီးတွေကိုကန်တော့ဖို့ အသံချဲ့စက်နှင့်ခေါ်နေပြီ။ အားမနာ၊ အလိုက်မသိသော သတင်းထောက်က ကိုးလိုးကန့်လန့်။ ပြန်ကြားရေးဝန်ကြီးကိုလည်း သတင်းလွတ်လပ်ခွင့်အကြောင်း “ဗျူး”ချင်သေးသတဲ့။ “အခမ်းအနားပြီးမှ မေးပါညီလေးရာ”ဟု စာရေးသူက ဝင်ပြောတော့ သိပ်မကြိုက်သလို။ သြော်. မျိုးဆက်သစ်လူငယ်သတင်းထောက်ပေါက်စပါလား။ သတင်းထောက်ရော ဟုတ်ပါရဲ့လားမသိ။ အချိန်မရှိ၍ စိတ်လျှော့ခဲ့ရသည်။

မင်္ဂလာ နံနက်ခင်း စောစောစီးစီး အလိုက်မသိသော အဆိုပါသတင်းထောက်ကြောင့် စောစောစီးစီး ရှုမငြီးစရာ။ စာဆိုရာသီ၏ အမည်းစက်တစ်စက်ဟုသာ မော်ကွန်းတင်ရတော့မည်။ လေ့လာသင်ယူမှုတစ်ခုခုလုပ်ကြရဦးမည်။

**စာတမ်းဖတ်ပွဲ**

ရန်ကုန်မြို့တော်ခန်းမပြီးတော့ သိမ်ဖြူလမ်းသို့ပြေးရသည်။ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဗဟိုပုံနှိပ်စက်ရုံဝင်းထဲမှာ ကျင်းပသည်။ စာအုပ်ဆိုင်တွေ အပြည့်။

ပခုက္ကူသားဒေါက်တာတိုးလှဖတ်သော “သမိုင်းနှင့်နိုင်ငံရေး” စာတမ်းဖတ်သည့်အချိန် ရောက်သွားသည်။ ရောက်သည့်အချိန်မှာ “နိုင်ငံရေးဝေါဟာရဖြစ်တည်လာပုံ” အကြောင်း ဒေါက်တာတိုးလှ ရှင်းပြနေချိန်။ နိုင်ငံရေးဝေါဟာရ ဘယ်တုန်းက စခဲ့ပါလိမ့်။ အင်္ဂလိပ်ဝေါဟာရ politicsကို မြန်မာပြန်ဆိုခြင်းဖြစ်ဟန် ရှိသည်။ ခရစ်နှစ် ၁၈၃၃ အဘိဓာန်တွင် Politician ဟုသာ ပါသည်။ ၁၈၅၂ အဘိဓာန်မှာလည်း မတွေ့သေး။ ၁၉၆၆ အထိ မတွေ့။ ၁၉၅၁။ “ဒေါက်တာဘဟန်၏ English-Burmese Dictionary တွင်ပင် Politics ဟူသည်ကို မြန်မာဘာသာဖြင့် “အုပ်စိုး-အုပ်ချုပ်-နည်း၊ အုပ်စိုးနည်း၊ အုပ်ချုပ်ပုံ၊ အုပ်ချုပ်နည်း အုပ်ချုပ်ပုံ၊ အုပ်စိုး-အုပ်ချုပ်သည့်အတတ်”ဟု ပြန်ဆိုနေဆဲ။ ထဲထဲဝင်ဝင် ယခုမှသိရသည်။ ပညာရသည်။

၁၉၂၉ ခုနှစ်တွင်မှ နိုင်ငံရေးဟူသော ဝေါဟာရကို မြန်မာ့အလင်းသတင်းစာကောက်နုတ်ချက်မှတစ်ဆင့် စတင်တွေ့ရှိခဲ့ပုံကို စစ်ကိုင်းဟန်တင်၏ မှတ်တမ်းဖြင့် ရှင်းပြထားသည်။ ယနေ့ နိုင်ငံရေးသမားကြီးများနှင့်တွေ့မှ ဒေါက်တာတိုးလှ၏ စာတမ်းထပ်ဆင့်ဝေငှရဦးမည်။

**နိုင်ငံရေးကာတွန်းများ**

ခေတ်ပြိုင် သမိုင်းဆိုင်ရာ နိုင်ငံရေးကာတွန်းများ စာတမ်းကို “နေမျိုးအေး” ဖတ်သည်။ စာမျက်နှာ ၃၀ ကျော်ကို အကန့်အသတ် နာရီ မိနစ်ဖြင့် ဖတ်သော်ငြား နေမျိုးအေးက ကာတွန်းဆရာပီသစွာ အဓိကအချက်များ ထုတ်နုတ်ပြသည်။ မြင်အောင်ရှင်းပြတတ်သည်။ ဥပမာတစ်ခု ထုတ်ပြပါရစေ။

ကျပ်ခိုးစင်ပေါ်တက်ပြီး ကြွက်ခုပ်လို့ ကျပ်ခိုးစင်ပြိုကျပြီး လက်ကျိုးသွားတဲ့ နွားလို နွားဖြစ်ပြီး ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ “ကျပ်ခိုးစင်ပေါ်တက်ကြွက်ခုပ်တဲ့ကောင် ကျိုးတာနည်းသေးတယ်”လို့ ပြောတဲ့ တိရစ္ဆာန်ဆေးကုဆရာဝန်က လက်ကျိုးသွားတဲ့နွားကိုတောင် တစ်ချက်ကလေးဂရုစိုက်ပြီး မကြည့်နိုင်ဘဲ တံတားဖွင့်ပွဲကို သွားမလို့တဲ့လေ။ သူ့အလုပ်က တိရစ္ဆာန်ဆေးကုဆရာဝန် မဟုတ်လား။ သူ့အလုပ်မဟုတ်ဘဲ တံတားဖွင့်ပွဲကို သွားမလို့တဲ့လေ။ ဟာသလည်းမြောက်၊ သရုပ်ဖော်ရေးဆွဲတာကလည်းကောင်း၊ ပီပြင်လွန်းလို့ ရင်ထဲကို တန်းဝင်သွားတဲ့ ကာတွန်းအကြောင်း ကြားရသည်။ ကျွန်တော်နှင့်ပရိသတ်အကြိုက်ဆုံးတစ်ချက်ဖြစ်ပါသည်။ သဘာပတိဒေါက်တာတင်လှိုင်(ဘိုးလှိုင်)ကပင် နေမျိုးအေး၏ စာတမ်းကို နှစ်ခြိုက်လှကြောင်း ထုတ်ဖော်ပြောသည်အထိ။ ကာတွန်းချစ်သူ ကျွန်တော်ပျော်ပါသည်။

အခြားအခြားသော စာတမ်းများအကြောင်း ကျွန်တော်ရေးပြချင်သော်လည်း စာအုပ်အဖြစ်ပုံနှိပ်ထုတ်လုပ်မည် ဖြစ်သောကြောင့် စကားဦးမသန်းတော့ပါ။

**ကောင်စီအစည်းအဝေး**

ဒီတစ်ခေါက် ရန်ကုန်ရောက်ခိုက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ရသေးသည်။ ဥက္ကဋ္ဌကြီး ဖိုးသောကြာ(ခေတ်+မိုး)မှာ ကျန်းမာရေးသိပ်မကောင်း။ 5th Media Conference ကိုပင် ကိုယ်တိုင်မတက်ရောက်နိုင်ခဲ့။ ဗီဒီယိုရိုက်၍ဥက္ကဋ္ဌအမှာစကားပြောကြားခဲ့ရသည်။ သတင်းလောကအတွက် နေမကောင်းသည့်ကြားက စိတ်အားထက်သန်စွာ အလုပ်ကြိုးစားဆဲ ။ ဝေဖန်ထောက်ပြဆဲ။ ကျန်အဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ခဲ့သည်။

**သတင်းထုတ်ပြန်ခြင်း**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ လုပ်ငန်းတာဝန်များကို သတင်းမီဒီယာကောင်စီဥပဒေပုဒ်မ ၁၇ တွင် အပိုဒ်(က)မှ (ဇ)အထိ ဖော်ပြထားသည်။ အဓိကတာဝန်မှာ သတင်းမီဒီယာကိုစောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်းတာဝန်ဖြစ်သည်။ သတင်းမီဒီယာအရည်အသွေးမြှင့်တင်ပေးတာတွေ မည်မျှရှိပြီလဲ။ လက်ချိုးရေတွက်ရသည်အထိ နည်းသေးသည်ဟု ဝေဖန်ကြသည်။ မမှားပါ။

သတင်းထုတ်ပြန်ခြင်းတာဝန်ကိုရော၊ ဘာပြောမည်လဲ။ ဥပဒေပုဒ်မ ၁၇ (စ)မှာ လိုအပ်သည့်အချိန်တိုင်း သတင်းထုတ်ပြန်ခြင်းဟု ဖော်ပြပြဋ္ဌာန်းထားသည်။ လိုအပ်သည့်အချိန်တိုင်းဟူသော စာသားသတိထားပါ။ မလိုအပ်ဘဲ ခဏခဏသတင်းထုတ်ပြန်နေဖို့မသင့်။ ထုတ်ပြန်သင့်ပါလျက် မထုတ်ပြန်ဘဲ ငြိမ်သက်နေလျှင်ကော။ တာဝန်ကျေမည်မဟုတ်။ ဥပဒေနှင့်လည်း ညီစေ။။ လက်တွေ့ဘဝမှာလည်း တာဝန်ကျေစေ။ ဤသို့ ကျွန်တော် ဆွေးနွေးခဲ့သည်။

သတင်းမီဒီယာဥပဒေ၏အားနည်းချက်တွေမရှိဘူးလား။ ရှိမည်မုချ။ သုံးသပ်ချက်လေးနက်စွာသုံးသပ်။ အကျိုးအကြောင်း ဆီလျော်စွာထောက်ပြ။ မနေ့ကနှင့် ယနေ့မတူ။ နိုင်ငံတကာစံချိန်တွေနှင့် တိုင်းတာဝေဖန်။ မှန်မှန်ကန်ကန်အကြံပြု။ ဝါးလုံးရှည်နှင့်သိမ်းရမ်းပြီးအပြစ်ဖို့တာမျိုးတော့ ပညာရှင်မဆန်။ သတင်းမှန်ရဖို့ အားလုံးမှာတာဝန်ရှိသည်။ ဤသို့ကျွန်တော်မြင်သည်။

**သတင်းနှင့်အတင်း**

သတင်းနှင့် အတင်းမခွဲခြားဘူးလား။ သတင်းလား။ အတင်းလား။ အမှန်လား။ အမှားလား။ ရခိုင်ပြည်နယ်အရေးတွင် သတင်းမှားတွေ၊ ကောလာဟလတွေ မိုးမွှန်နေသည်ဟု ကြားရသည်။ ယုတ္တိရှိသလား၊ ယုတ္တိမရှိဘူးလား။ ကွင်းဆင်းခွင့်မရ၍ သတင်းမှားတွေ ပိုပြီးများသည်။ သတင်းထောက်တွေ ကွင်းဆင်းစောင့်ကြည့်စေချင်သည်တဲ့။ အလိမ်အညာကြာရှည်မခံ။ မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန်၊ အကြံအဖန်မရှိ။ လူထုသိ၏။

**သတင်းမှား**

မှားမှန်းသိပါလျက် ဘယ်အတွက်သတင်းမှားကို ထုတ်ပြန်ပါသလဲ။ အလကားတော့မထုတ်ပြန်။ အကြံအဖန်မှန်းသိသည်။ မမှန်မကန်မှန်းသိသည်။ ရည်ရွယ်ချက်ဖြင့် လုပ်ခြင်းဖြစ်သည်။ ပြည်သူတွေ မညံ့ပါခင်ဗျာ။

**ဘာရည်ရွယ်ချက်လဲ**

အကင်းပါးသောသတင်းသမားများက ပို၍သိသည်။ သတင်းသမားသည် အကင်းပါးသည်။ သတင်းမှားကို ဖန်တီးသောသတင်းထောက်၏မျက်လုံးကို သေချာစွာကြည့်။ နက်နက်ရှိုင်းရှိုင်းကြည့်။ ပို၍သိသည်။ လူလိမ်လူညာသည် သတင်းလိမ်ကိုဖန်တီးသည်။ ဖန်တီးဖို့ နောက်ကွယ်က ကြိုးကိုင်သည်။

**အတွေ့အကြုံများသော ပြည်သူများ**

ကျွန်တော်တို့ပြည်သူတွေအတွေ့အကြုံစုံလှပြီ။ခေတ်အဆက်ဆက် ကြုံခဲ့ပြီ။ သတင်းစုံကြားဖူးပြီ။ သတင်းနှင့်အတင်း ရှင်းရှင်းလင်းလင်းခွဲတတ်ပြီ။ မည်သူ၊ ပြည်သူကို ကိုယ်စားပြုသလဲ။ ပြည်သူ့ဘဝကိုယ်စားပြုသော၊ ပြည်သူ့အတွက်သတင်းမှန်ဖြစ်သော အရင်းအတိုင်းတင်ပြသော သတင်းမှန်များသည်သာ ပြဿနာ၏အရင်းအမြစ်ကို ဖွင့်လှစ်မည်အသေအချာ။

**အတင်းများကလည်း ဝေဝါးဆဲ**

သတင်းနှင့်အတူ အတင်းရှိစမြဲ။ သတင်းမှန်နှင့်အတူ အတင်းသန်သူများကလည်းမှုန်ဝါး၊ ဝေဝါးဆဲ။ ပူးကပ်ဆဲ။ ထက်ကြပ်မကွာရှိစမြဲ။ ကွဲကွဲပြားပြားခွဲခြားစွမ်းရည်ကို ပြည်သူတို့ပိုင်ဆိုင်သည်။ ဤကား သတင်း။ ဤကား အတင်း။ မင်းနဲ့ငါ နားလည်ပါသည်။

**သတင်းသမား မပျင်းအားပါ**

၂၄ နာရီတာဝန်ထမ်းသောသတင်းသမားများ မပျင်းအား။ မအိပ်ငိုက်။ လှုံ့လဝီရိယဖြင့် သတင်းမှန်ရှာပါ။ ပြည်သူ့ထံမှောက် အရောက်တင်ဆက်ပါ။ ရှင်းပါ။ လင်းပါ။ မည်သို့သော အဖျက်အမှောင့်၊ အပေးအယူ၊ မြူဆွယ်မှုအစုစုကြောင့်မှ သတင်းသမားတို့၏ဂုဏ်ရည် မပျက်ယွင်းသင့်ပါ။ ကျင့်ဝတ်သိက္ခာခိုင်မြဲစေပါ။ သမိုင်းစဉ်ဆက် သတင်းသမားတို့၏ အသက်သွေး၊ ချွေးရင်းနှီးပေးဆပ်ခဲ့ကုန်သော မီဒီယာလောကကြီး အဓွန့်ရှည်တည်တံ့ရေးတွန်းအားပေးကြပါစို့။ ချို့ယွင်းအားနည်းချက်များကို အစဉ်ရှာဖွေလျက်၊ လက်တွဲညီညာ လျှောက်လှမ်းကြမည်သာ။ အတွေ့အကြုံများသည်သာ ဆရာပါ။

**စေတနာ**

“အတင်းနှင့်သတင်း”။ “သတင်းနှင့်အတင်း”။ ရှင်းလင်းသေချာခွဲခြမ်းစိတ်ဖြာစေတနာ ဖြစ်ပါကြောင်း. . . ။ ။

# မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၁၄၀၈ ပါး၊ ပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ် ခြောက်ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် ခြောက်ပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၆ ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၂၂ ပါး၊ မဟာဝိဒူအောင် ခြောက်ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက် (၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာစာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများ အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၁၂-၂-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟကျောင်းဆောင်ရှိ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

**(သတင်းစဉ်)**



နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၂) ဦးမင်းသူနှင့် ထောက်ပံ့ လှူဒါန်းမှုအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက်နံနက်ပိုင်းက မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဉယျာဉ်(စမတောင်)သို့ (၅၂)ကြိမ်မြောက် ဆန်၊ ဆီ၊ ဆား၊ ပဲ အခြေခံစားကုန် လေးမျိုးတို့အား သွားရောက်လှူဒါန်းစဉ်။ (၁၀၇)

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ ယင်းအစည်းအဝေးတွင် အချက်(၁၁)ချက်ကို ဆုံးဖြတ်နိုင်ခဲ့ကြောင်း၊ ယင်းအချက်များကို ယနေ့ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မီဒီယာသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်တွင် တိုးတက်ပြောင်းလဲမှု မည်မျှရှိသည်ကို အကဲဖြတ်တိုင်းတာသည့်နေရာလည်း ဖြစ်ပါကြောင်း၊ မီဒီယာဆိုင်ရာ ဥပဒေများသည် သတင်းမီဒီယာများ၏ လွတ်လပ်စွာလုပ်ပိုင်ခွင့်မည်မျှရရှိနေပြီဆိုခြင်းကို ဖော်ပြနိုင်ပါကြောင်း၊ ရုပ်သံနှင့် ပတ်သက်၍လည်း ပုဂ္ဂလိကရုပ်သံလုပ်ငန်းများ၊ အခြားသော ရုပ်သံလုပ်ငန်းများ မည်မျှအထိ လုပ်ပိုင်ခွင့်ရရှိလာသည်ဟူသည့်အချက်အပေါ် အများက စောင့်ကြည့်နေကြပါကြောင်း၊ မိမိတို့နှင့် တွေ့ထိရသည့် ပုဂ္ဂိုလ်တိုင်းကလည်း ယင်းအချက်ကို မေးမြန်းတောင်းဆိုနေကြပါကြောင်း၊ ယခင်က ရုပ်သံဆိုင်ရာဥပဒေတစ်ရပ် ရှိခဲ့ပါကြောင်း၊ ယခုအခါတွင် ပြောင်းလဲလာသည့် အခြေအနေများအပေါ် မူတည်၍ ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်သည့်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေပါကြောင်း၊ အမြန်ဆုံးပြီးစီးစေရန်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားသော ရုပ်သံလုပ်ငန်းကို စိတ်ဝင်စားစွာ လုပ်ကိုင်လိုသူများအတွက် နည်းလမ်းများရှာဖွေလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ ဥပဒေပြင်ဆင်ထားရှိမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်သုံးသပ်နိုင်ရန်နှင့် နည်းဥပဒေ ရေးဆွဲနိုင်ရန်အတွက် လိုအပ်ချက်များနှင့် အထွေထွေကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# အခြေခံသတင်းစာပညာသင်တန်း စစ်တွေတွင်ဖွင့်လှစ်

**စစ်တွေ ဒီဇင်ဘာ ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများမှ ဓာတ်ပုံကျွမ်းကျင် ဝန်ထမ်းများနှင့် ပြည်နယ်အစိုးရသတင်းမီဒီယာမှ သတင်းသမားများအား အခြေခံသတင်းစာပညာသင်တန်းကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက စစ်တွေခရိုင်ရုံး Community Center တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများသည် သတင်းရေးသားနေကြသည့် ဝန်ထမ်းများဖြစ်သည့်အတွက် သတင်းရေးသားခြင်းနှင့် ရင်းနှီးကျွမ်းဝင်သူများဖြစ်ကြကြောင်း၊ ယနေ့သင်တန်းမှာ သတင်းရေးသားနည်းများ ပိုမိုကောင်းမွန်လာစေရန်နှင့် ပြည်သူများ သိလိုသည့်အချက်အလက် သတင်းအကြောင်းအရာများကို အရည်အသွေးပြည့်ဝသော သတင်းများ ရေးသားနိုင်စေရန်အတွက် မွမ်းမံသင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစန်းနွယ်က သင်တန်းသားများ အနေဖြင့် သင်တန်းမှရရှိသော အတွေ့အကြုံကောင်းများကို မှတ်သားကာ လက်တွေ့နယ်ပယ်တွင် အသုံးချပြီး လျင်မြန်မှန်ကန်၍ ကျွမ်းကျင်သော သတင်းသမားများဖြစ်အောင် ကြိုးစားသွားကြရန်မှာကြားသည်။ ထို့နောက် သင်တန်းအား ဆက်လက်သင်ကြားရာ MJM မှ အတွင်းရေးမှူး(၁) ဆရာနိုင်မင်းဝေက သတင်းရေးသားနည်း၊ သတင်းရေးသားရာတွင် ပါဝင်ရမည့် အချက်အလက်များ အကြောင်း သင်ကြားသည်။ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ဆရာနိုင်မင်းဝေက သင်ကြားသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ကြေးမုံသတင်းစာ အယ်ဒီတာချုပ် ဆရာ ဦးခင်မောင်ကျော်ဒင်က သင်ကြားပေးသွားမည်ဖြစ်သည်။



အဆိုပါသင်တန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား ၁၅ ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့မီဒီယာမှ သတင်းသမား ခြောက်ဦး တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

■



# ဘူးသီးတောင်မြို့နယ်အတွင်း ပေါ့ဆမီးလောင်ကျွမ်းမှုကြောင့် လူနှစ်ဦးသေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာတွင် ယမန်နေ့နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး လူနှစ်ဦးသေဆုံးကာ လူနေအိမ်နှင့် ဆိုင်ခန်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာနေ ခေါ်ဘီအာမတ် (ဘ)မာတာဆောင်း၏နေအိမ်၌ ယမန်နေ့ နံနက် ၂ နာရီခွဲခန့်က မီးဖိုချောင်ရှိ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး ရွာသူ ရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး လူနေအိမ် ရှစ်လုံးနှင့် ဆိုင်ခန်းကိုးခန်း တန်ဖိုးငွေကျပ် သိန်း ၂၀ ခန့် မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ခေါ်ဘီအာမတ်အား ဖုံညိုလိပ်ရဲစခန်းမှ တရားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မသင်္ကာသူရှစ်ဦးနှင့်အတူ ဆေးခြောက်များသိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မောင်တောမြို့နယ် နတ်မြစ်အတွင်း ယနေ့နံနက်ပိုင်းတွင် ငါးဖမ်းစက်လှေပေါ်မှ မသင်္ကာသူ ရှစ်ဦးနှင့် တစ်ကီလိုခန့်ရှိ ဆေးခြောက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နတ်မြစ်အတွင်း ယနေ့နံနက် ၂ နာရီ ၅၅ မိနစ်ခန့်က တပ်မတော်ရေယာဉ်များဖြင့် လုံခြုံရေးဆောင်ရွက်နေစဉ် မသင်္ကာဖွယ် လှေတစ်စင်းအား တွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူစဉ် ထွက်ပြေးသောကြောင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးရာ တစ်ဖက်နိုင်ငံမှ ငါးဖမ်းစက်လှေတစ်စင်းအား ဖမ်းဆီးရမိခဲ့ပြီး စက်လှေပေါ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်ဖ်မြို့ တနာဂရွာမှ နူကာဆင်၊ မူဟာမတ်ရှုဒစ်၊ ဆွာလင်း၊ စုစဉ်တန်၊ ဘာလ်ဘူ၊ အေမာန်ဟူစွန်၊ မူဂျူလာနှင့် ဆာ့ဒစ်တို့နှင့်အတူ ဆေးခြောက် တစ်ကီလိုခန့်ရှိ အထုပ် ၂၈ ထုပ်ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် မောင်တောမြို့နယ် ဆူရာလီရွာဘက်မှ ကိုးတန်ကောက်(တောင်နား)ရွာဘက်သို့ ထွက်ခွာလာသော မသင်္ကာဖွယ် အင်းဒင်အနောက်ရွာနေ အေကာမော်ဒီနှင့် ကိုးတန်ကောက်(ရွာမ)နေ မာမောက်အီနုတို့အား ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီခန့်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် မောင်တောမြို့နယ် နယ်စပ်မှတ်တိုင် (၃၅)နှင့်(၃၆)ကြား၌ မသင်္ကာသူ ဦးရှည်ကျကျေးရွာနေ အဒူဆာလောင်နှင့် ဆော်ဒီမူလာတို့ နှစ်ဦးအား တာကာငွေ (၅၀၀)၊ တံစဉ်နှစ်ချောင်း၊ ဘင်္ဂလားဒေ့ရှ် ဖုန်းနံပါတ်ရေးမှတ်ထားသော စာရွက်ပိုင်းတစ်ခုနှင့်အတူ စစ်ဆေးတွေ့ရှိရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့သွားရန် နယ်စပ်ခြံစည်းရိုးအနီး ချဉ်းကပ်လာချိန် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံ

**မန္တလေး ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ပြည်သူလူထုနှင့် နိုင်ငံတော်က လက်ခံသောရွေးကောက်ပွဲ တစ်ရပ်ဖြစ်ခဲ့သော်လည်း အနည်းနှင့်အများဆိုသကဲ့သို့ အားနည်းချက်များ၊ အခက်အခဲများ ကြုံတွေ့ခဲ့ရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် လစ်လပ်မဲဆန္ဒနယ်မရှိသည့်အတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန် မရှိသော်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲများကို အများ ပြည်သူယုံကြည်လက်ခံသော ရွေးကောက်ပွဲအဖြစ် ကျင်းပပေးနိုင်ရန် အဖွဲ့ခွဲ အဆင့်ဆင့်အနေနှင့် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အခက်အခဲ များနှင့်ပတ်သက်ပြီး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဆင့်ကဲဆင့်ကဲ တင်ပြချက် များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း တင်ပြချက်ကိုသာ စောင့်ဆိုင်းမနေဘဲ လက်အောက်ကိုလည်း အမြဲကြီးကြပ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တီထွင်မှုရှိရန် နှင့် လေလွင့်မှုမရှိစေရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများက ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ လတ်တလောရွေးကောက်ပွဲဆိုင်ရာကိစ္စ ရပ်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

**အေးမြ (မန္တလေး)**

# တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေး ပိုမိုအားကောင်း ခိုင်မာစေရန် ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်တွင် ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်ရေးအတွက် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။





ဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးရှိမှသာ ရပ်ရွာအေးချမ်းသာယာပြီး နိုင်ငံတည်ငြိမ်မည်ဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးရေးဆောင်ရွက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ တရားဥပဒေစိုးမိုးရေးစင်တာမှ တာဝန်ရှိသူများနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက တရားရုံးဆိုင်ရာ ကိစ္စရပ်များ၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်ချက်များနှင့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကော်မရှင်အဖွဲ့ဝင်များသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တရားရုံးသို့ သွားရောက်လေ့လာကြပြီး ထို့မှတစ်ဆင့် ချမ်းမြသာစည်မြို့နယ်ရှိ တရားဥပဒေစိုးမိုးရေးစင်တာသို့ သွားရောက်လေ့လာကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သန်းဝင်း၊ ဒေါက်တာ အောင်ခင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ ဥပဒေဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ဥပဒေကျောင်းသားကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တတ်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)နှင့်ပတ်သက်၍ သုံးသပ်ပြီးပြင်ဆင်နိုင်ရန် လွှတ်တော်သို့ တင်ပြထား

**မန္တလေး ဒီဇင်ဘာ ၁၆**

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် စဉ်းစားသုံးသပ်၍ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကို ပြင်ဆင်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း မန္တလေးမြို့ မြို့တော်ခန်းမတွင် ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်သည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာဆွေးနွေးပွဲ၌ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားသည်။

"အဂတိမကင်းဘူးဆိုတာ လာဘ်ပေးလာဘ်ယူကို ပြောတာမဟုတ်ဘူး။ အဂတိဆိုတာ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဆိုတဲ့ လေးပါးရှိတယ်။ ကြောက်ရလို့ အာမခံပေးသင့်တာ မပေးဘူးဆိုရင် တည်ကြည်ဖြောင့်မတ်တဲ့ကိစ္စမဟုတ်ဘူး။ ကြောက်နေရမယ်ဆိုတဲ့အပေါ် မူတည်ဆုံးဖြတ်ရတာမျိုးနဲ့ အငြင်းပွားစရာမဖြစ်ရအောင် ဥပဒေ ၆၆ ကို ပြန်သုံးသပ်ဖို့လိုတယ်"ဟု ၎င်းက ပြောသည်။

ပုဒ်မ ၆၆(ဃ)အမှုများတွင် အာမခံရသူနှင့် မရသူများရှိနေသဖြင့် လူတစ်ဦး တစ်ယောက်အတွက် မဟုတ်ဘဲ အများပြည်သူအတွက် ဖြစ်သောကြောင့် ၎င်းတို့ကော်မရှင်တွင် အကြိတ်အနယ် ဆွေးနွေးခဲ့ကြပြီး ပယ်ဖျက်မည်ဆိုပါက အခြားဥပဒေများနှင့် ညီညွတ်သည့် အာမခံပေးနိုင်ရန် ၆၆(ဃ)-(က)အနေဖြင့် ထောင်ဒဏ် နှစ်နှစ်အထက် မများစေရဟု ပြင်ဆင်ပါက အငြင်းပွားစရာမရှိနိုင်တော့ကြောင်း ဆက်လက်ပြောကြားသည်။

"နိုင်ငံမှာ ရင်ကြားစေ့ရေးလိုအပ်နေတယ်။ ဒီလို အပြန်အလှန်ဖြစ်နေရင် ရင်ကြားစေ့တာ ဖြစ်မလာနိုင်ဘူး။ ဒီလိုတွေဖြစ်အောင် ဒီဥပဒေကို ဖန်တီးထားသလား ထင်မိတယ်။ ဖန်တီးထားတာဆိုရင်လည်း ပြန်ကြည့်ရမယ်။ ပုဒ်မ၆၆(ဃ)မှာ အာမခံပေးခြင်း၊ မပေးခြင်းကိစ္စက ပိုအပြောများတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် ဥပဒေပေါင်း ၃၉၅ ခုရှိပြီး ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို ပြဋ္ဌာန်းခြင်း မရှိသည့်အပြင် ပြင်ဆင်သင့်သည့် ဥပဒေများကိုလည်း ပြင်ဆင်ထားခြင်းမရှိသည့်အတွက် နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုရှိနေကြောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ ဦးစားပေးတင်ပြထားသော ဥပဒေများတွင် ပြင်ဆင်ရန် ၅၉ ခု၊ အသစ်ပြဋ္ဌာန်းရန် ၅၂ခု၊ ပယ်ဖျက်ရန်ဥပဒေ ၈၈ခု ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### ❒ စာမျက်နှာ ၅ မှ

ဖေဖော်ဝါရီလတွင် (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးစမည်ဖြစ်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အချိန်လုံလောက်မှု ရှိ၊ မရှိ မေးမြန်းရာ "အချိန်ဆိုတာကိုတော့ ကျွန်တော်က မေ့ထားစေချင်တယ်။ ထွက်လာတဲ့ ရလဒ်က ဘယ်လောက် ကိုယ်စားပြုမှုရှိမလဲ။ ဒါကိုလည်း စဉ်းစားဖို့လိုမယ်။ ကျွန်တော်တို့က အတတ်နိုင်ဆုံး ကြိုးစားလုပ်မယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးက ဖေဖော်ဝါရီမှာ လုပ်မယ်။ နောက်ရွှေ့တော့ရောဘာဖြစ်လဲ။ ဒါက ကျွန်တော်တစ်ဦးတည်း သဘောထားကိုပြောတာပါ။ ခြောက်လ တစ်ကြိမ်ပဲ ကျွန်တော်တို့က ပုံမှန်လုပ်နေမှာလား။ ခြောက်လဆိုတာကို မေ့ပြီး တစ်လ နှစ်လ နောက်ဆုတ်လုပ်ရင်ကော မရဘူးလား။ ဒါဆို ပိုအဆင်ပြေမယ်။ နောက် NCA မထိုးထားတဲ့သူတွေ ရှိသေးတယ်။ သူတို့ပါဝင်လာအောင် ဘယ်လိုလုပ်မလဲ။ အဓိကက ဗျူဟာကျတဲ့ အရာကို ပိုပြီး ဦးစားပေးစေချင်တယ်။ မဖြစ်မနေ လုပ်မယ်၊ လုပ်မှရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ အနှစ်သာရပိုင်းကို ဘယ်လို စဉ်းစားမလဲ။ ညီလာခံဆိုတဲ့ အတိုင်း အနှစ်သာရပိုင်းကို ဦးစားမပေးသင့်ဘူးလား။ ဒါက ကျွန်တော့်အမြင်နဲ့ မေးခွန်းပါ"ဟု ဖြေကြားသည်။

တအာင်း(ပလောင်) TNLA အဖွဲ့မှ ဖမ်းသွားသည့် SNLD ပါတီဝင်များနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေကို မေးမြန်းရာ "ဒါကတော့ အချို့ကို ပြန်လွှတ်ပေးလိုက်တယ်။ အချို့ကျန်နေသေးတယ်ကြားတယ်။ လူဦးရေစာရင်း အတိအကျတော့ ကျွန်တော့်လက်ထဲမှာ မရှိသေးဘူး။ ကျွန်တော့် တွဲဖက်အတွင်းရေးမှူး(၁)က အတိအကျ ပိုသိပါလိမ့်မယ်။ နိုင်ငံရေးပါတီတွေ နိုင်ငံရေးလုပ်တယ်ဆိုတာ နိုင်ငံရေးနည်းလမ်းနဲ့လုပ်တာပါ။ လက်နက်ကိုင်အဖွဲ့အစည်းတွေက နိုင်ငံရေးနည်းလမ်းနဲ့ မဟုတ်ဘဲ စစ်ရေးနည်းလမ်းနဲ့ လုပ်တယ်။ စစ်ရေးနည်းလမ်းကို ယုံကြည်တဲ့သူက သူတို့ဆီလာပါလိမ့်မယ်။ သူများသဘောထားမပါဘဲနဲ့ အတင်းအဓမ္မကြီး စုဆောင်းတဲ့ပုံတော့ ကျွန်တော်မဖြစ်စေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ သိက္ခာကျတယ်။ ဘယ်အဖွဲ့အစည်းရယ်လို့ ပြောတာမဟုတ်ဘူး။ တိုင်းရင်းသားလက်နက်ကိုင်တွေက စစ်ရေးနည်းလမ်းကို ပိုကြိုက်လို့ စစ်ရေးအရ နိုင်ငံရေးလုပ်တယ်ဆိုရင်စုပါ။ ဖွဲ့ပါ။ သဘောမတူတဲ့ လူကိုတော့ဖြင့် အတင်းအကျပ်မခေါ်ပါနဲ့လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊**
**ဓာတ်ပုံ-ဖိုးထောင်**

# ပြည်သူလူထုထံသို့ လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ပြည်သူလူထုထံသို့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းများတိုးချဲ့ဖြန့်ဖြူးခြင်း၊ ဓာတ်အားခွဲရုံများ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တိုးတက်သွယ်တန်းတပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ် မတ်လမှ အောက်တိုဘာလအထိ ဓာတ်အားသုံးစွဲသူ ၂၇၀၆၂၇ ဦး ဓာတ်အားတိုးတက်သုံးစွဲနိုင်ခဲ့ပြီး ယူနစ်သန်းပေါင်း ၇၁ ဒသမ ၇၄၆ သန်း တိုးတက်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သုတေသနစာတမ်းဖတ်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနနှင့် သစ်တောတက္ကသိုလ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ သုတေသီပညာရှင်များ ဖတ်ကြားတင်သွင်းမည့်သစ်တောကဏ္ဍဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၆ မှ ၂၈ ရက်အထိ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းသိရသည်။

သုတေသနစာတမ်းဖတ်ပွဲတွင် သုတေသနစာတမ်း ၂၈ စောင် တင်သွင်းဖတ်ကြားမည်ဖြစ်ကြောင်း သစ်တောသုတေသနဌာန စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**(သတင်းစဉ်)**

# (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား ကျင်းပမှုမြင်ကွင်းများ

## ရခိုင်ပြည်နယ်နေ့အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်ကျရောက်သည့်(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို စစ်တွေမြို့၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး ကျင်းပလျက်ရှိသည်။

(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းကပ်လှူခြင်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ပင့်ဖိတ်ကာ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးတွင် လှူဖွယ်ဝတ္ထုများဆက်ကပ်ခြင်း၊ ပရိတ်တရားတော်များ နာကြားခြင်းနှင့် အရုဏ်ဆွမ်းကပ်လှူခြင်းတို့ကို ကျင်းပခဲ့သည်။ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်နေ့အခမ်းအနားကိုကျင်းပရာ စာရေးဆရာ (စစ်တွေညိုသန့်)က မင်္ဂလာပိုဒ်စုံရတုရွတ်ဆိုကာ ရခိုင်စည်တော်တီး၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်နေ့ဆိုင်ရာ မိန့်ခွန်းအား ရခိုင်ပြည်နယ်နေ့ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့မိ မြို့ဖ ဦးမောင်သာစိန်က ဖတ်ကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းကိုကျင်းပရာ ပြည်နယ်အဆင့် ဂုဏ်ထူးဆောင်ဆုများဖြစ်သော စီးပွားရေးဆိုင်ရာထူးချွန်ဆု၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု၊ ပညာရေးဆိုင်ရာထူးချွန်ဆု၊ ကျန်းမာရေးဆိုင်ရာထူးချွန်ဆု၊ မွေးမြူရေးဆိုင်ရာထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထူးချွန်ဆု၊ စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆုနှင့် အခြားအထူးကိစ္စရပ်များဆိုင်ရာ ထူးချွန်ဆုများ၊ ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲတွင်ဆုရရှိကြသူများနှင့် ဝတ္ထု(ပုံပြော)ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရ ကျောင်းသား ကျောင်းသူများ၏ ဆုရ စာစီစာကုံး၊ ကာတွန်းများအားလှည့်လည် ကြည့်ရှုအားပေးကြသည်။

ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများ၊ ထူးချွန်ဆုရရှိကြသူများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲဖွင့်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၆**

(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဝဏ်ပါကွင်း၌ ကျင်းပသည်။

အဆိုပါကျင်ကိုင်ပွဲကို ကျင်ပွဲကျင်းပရေးလုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ မြို့မိ မြို့ဖ ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် ကျင်ဒိုင်ချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ရခိုင်ပြည်နယ်နေ့သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ကျင်ပွဲဖွင့်ပွဲအဖြစ် ကျင်သန်ကြီးများက မင်္ဂလာကျင်ကိုင်ပြီးသရုပ်ပြသကြသည်။ ဆက်လက်၍ ပန်းရဲ့လမ်းအဖွဲ့က ဂီတဖြင့်ဖျော်ဖြေကြပြီး ရွှေမောင်းတန်းဆုရ ကျင်သန်ကြီးများက တစ်ဦးချင်းနှုတ်ဆက်ကာ ရခိုင်ကျင်ကွြင်းဟန်များဖြင့် သရုပ်ပြသခဲ့ကြသည်။



ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး စစ်တွေမြို့၌ ကျင်းပလျက်ရှိရာ ရွှေမောင်းတန်းတွင် ပထမဆု ရွှေလေးကျပ်သား၊ ဒုတိယဆု ရွှေသုံးကျပ်သား၊ တတိယဆု ရွှေနှစ်ကျပ်သားနှင့် စတုတ္ထဆု ရွှေတစ်ကျပ်သားချီးမြှင့်သွားမည်ဖြစ်ပြီး ငွေမောင်းတန်းတွင် ပထမဆု ရွှေသုံးကျပ်သား၊ ဒုတိယဆု ရွှေနှစ်ကျပ်သား၊ တတိယဆု ရွှေတစ်ကျပ်သားနှင့် စတုတ္ထဆုရွှေငါးမူးသားချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

၎င်းကျင်ကိုင်ပွဲကို စစ်တွေမြို့ ဝဏ်ပါကွင်း၌ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပထမနေ့တွင် ငွေမောင်းတန်းကျင်သန်များ စတင်ကျင်ကိုင်သွားမှာဖြစ်ပြီး ဒုတိယနေ့တွင် ရွှေမောင်းတန်း ကျင်သန်များပါ ကျင်ကိုင်သွားမည် ဖြစ်ကြောင်း ကျင်ပွဲကျင်းပရေး ကော်မတီက ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

■

## ရခိုင်ပြည်နယ်နေ့ အခမ်းအနားများ ကျင်းပ

**မြောက်ဦး**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်၌ ကျင်းပသည့် (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ (NGO/INGO)အဖွဲ့များ၊ နိုင်ငံရေးပါတီအသီးသီးမှ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆုရကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား သဝဏ်လွှာကို မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်က ဖတ်ကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် အထက်တန်း၊ အလယ်တန်းအဆင့်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ပြီးနောက် ရခိုင်တေးသံရှင် ဦးမောင်မြင့်ဦးက **"မိန့်လို့မရအာရက္ခ"** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး အခမ်းအနားကို နံနက် ၁၀ နာရီ တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တောင်ကုတ်**

(၄၂)နှစ်မြောက်ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီခွဲက တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက ဖတ်ကြားပြီး ရခိုင်ပြည်နယ် ပြန်/ဆက် ဦးစီးမှူး ဦးစန်းနွယ်က တာဝန်ခံထုတ်ဝေသည့် (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ပိုစတာများအား မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးစန်းဝင်းနှင့် ဝန်ထမ်းများက အခမ်းအနားသို့တက်ရောက်လာသူများအား ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား ကျင်းပ

**ဝ ဒီဇင်ဘာ ၁၆**

(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားကို မြို့နယ်စည်ပင်သာယာရေးပန်းခြံဝင်းအတွင်း ယမန်နေ့ နံနက် ၆ နာရီက ကျင်းပရာ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီဝင်များ၊ စစ်မှုထမ်းဟောင်းဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများနှင့် မြို့မိ မြို့ဖ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားခဲ့ပြီး အခမ်းအနားအပြီးတွင် ရခိုင်ပြည်နယ် ပြန်/ဆက်ဦးစီးမှူး ဦးစန်းနွယ်က တာဝန်ခံထုတ်ဝေသည့်(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပိုစတာအား မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးအေးအောင်နှင့် ဝန်ထမ်းများက အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ပြီးနောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် မြို့နယ်ဌာနဆိုင်ရာများနှင့်ဒေသခံ မြို့မိ မြို့ဖများက ကြီးမှူး၍ ရခိုင်ရိုးရာလှေပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ရခိုင်သီချင်းဆိုပြိုင်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများအား ဆက်လက်ကျင်းပခဲ့ကြောင်းသိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ကျောက်ဖြူမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ဖြူ ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ နာရီစင်ကွင်း(သာသနာ့ဗိမာန်ရှေ့)၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၆ နာရီတွင် သက်ငယ်(ကျား/မ)မာရသွန်ပြိုင်ပွဲအား ကျင်းပခဲ့ပြီး အခမ်းအနားကို နံနက် ၈ နာရီတွင် မင်္ဂလာရတုအား ရခိုင်စည်တော်ဖြင့် တီးခတ်သီဆိုကာ ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ပွဲဖြစ်မြောက်ရေးကော်မတီ ဦးစံရွှေခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် ရခိုင်ရိုးရာယဉ်ကျေးမှု သာလီစွယ်မိန်းအကဖြင့် ကပြဖျော်ဖြေခဲ့ပြီး စာပေပြိုင်ပွဲနှင့် မာရသွန်ပြိုင်ပွဲတွင်ဆုရသူများအား ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆုချီးမြှင့်ခြင်း၊ ကျောက်ဖြူမြို့နယ်မှ မမိစုဝေကရေအိုးငါးလုံးအား ခေါင်းပေါ်ရွက်၍ ဆိုင်ကယ်စီးကာ သရုပ်ပြသခဲ့သည်။

ဆက်လက်၍ ယမန်နေ့မွန်းလွဲပိုင်းတွင် ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အထုပ်သတ်ပြိုင်ပွဲ(ညပိုင်းတွင်) ရခိုင်ရိုးရာရထားဆွဲပြိုင်ပွဲနှင့် ဆုပေးပွဲ၊ မြန်မာခြင်းလုံးအလှခတ်ပြသခြင်းဖျော်ဖြေရေးအစီအစဉ်များဖြင့် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း မာရူဘီနီ ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဂျပန်နိုင်ငံ မာရူဘီနီ ကော်ပိုရေးရှင်း၏ Power Projects Division မှ Senior Officer , Mr.Koji Kuroda နှင့် အဖွဲ့အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Liquefied Natural Gas (LNG)၊ ရေအားလျှပ်စစ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည့် လျှပ်စစ်စွမ်းအင် စီမံကိန်းများ၊ ကာလတို၊ ကာလလတ်၊ ကာလရှည်တွင် ဆောင်ရွက်မည့် လျှပ်စစ်စွမ်းအင်ဖူလုံရေး အစီအစဉ်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# အင်းလေးကန်ထိန်းသိမ်းရေးအတွက် ကြီးကြပ်မှုကော်မတီ အထောက်အကူပြုရုံးအဖွဲ့အား အချိန်ပြည့်ဖွဲ့စည်းနိုင်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် UNDP (Myanmar)၏ Country Director, Mr. Peter Batchelor နှင့်အဖွဲ့အား ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် သစ်တောပြုန်းတီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (REDD+)ဆိုင်ရာ မဟာဗျူဟာနှင့် လမ်းပြမြေပုံ ပြုစုရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အင်းလေးကန် ထိန်းသိမ်းရေးအတွက် ကြီးကြပ်မှုကော်မတီအား အထောက်အကူပြုမည့် ရုံးအဖွဲ့အား အချိန်ပြည့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံခြားသားဧည့်သည် ဝင်ကြေးကောက်ခံမှုအား ပြန်လည်စိစစ်တိုးမြှင့်နိုင်ရေး၊ အင်းလေးကန်၏ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းများအား REDD+ နှင့် ချိတ်ဆက်ဆောင်ရွက်သွားရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များ ပေါင်းစပ်ဆောင်ရွက်ရေးနှင့် မိတ်ဖက်အဖွဲ့များအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေမရရှိသဖြင့် (၁၀)နှစ်ကျော်ကာလအထိ ကန်နီကျေးရွာတွင် နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိ

**မိတ္ထီလာ ဒီဇင်ဘာ ၁၆**
မိတ္ထီလာမြို့နယ် မကျီးစုကျေးရွာအုပ်စု ကန်နီကျေးရွာရှိ ဒေသခံတောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးလိုသော်လည်း စိုက်ပျိုးရေ မရရှိသဖြင့် (၁၀)နှစ်ကျော်ကာလအထိ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိဘဲ အခက်အခဲကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

“ကန်နီကျေးရွာမှာ နွေစပါးကို စိုက်ဖို့အတွက် မိတ္ထီလာကန်က စိုက်ပျိုးရေမရတာ (၁၀)နှစ်ကျော်နီးပါးရှိပြီ။ ကျေးရွာဒေသခံတွေက ဝမ်းစာဖူလုံဖို့အတွက် နွေစပါးကို စိုက်ပျိုးချင်ပေမယ့် စိုက်ပျိုးရေမရလို့ အခက်အခဲကြုံတွေ့နေရတယ်။ အဲဒီ နှစ်တွေမတိုင်မီက မကျီးစုကွင်း၊ ကန်နီကွင်းတွေမှာ စပါးစိုက်ဧက ထောင်နဲ့ချီပြီးရှိခဲ့တာတောင် စိုက်ပျိုးရေ ရခဲ့ပေမယ့် အခုကျေးရွာဒေသတစ်ဝိုက်မှာ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေတွေဆုံးရှုံးသွားပြီး စိုက်ပျိုးနိုင်တဲ့ လယ်ယာမြေဧက ရာဂဏန်းလောက်ရှိတာတောင် မိတ္ထီလာကန်က စိုက်ပျိုးရေ မရနိုင်ဘူးဖြစ်နေတယ်။ ဒီနှစ်တော့ ကန်ရေလျှံအောင် မိုးကောင်းတဲ့နှစ်ဆိုတော့ စိုက်ပျိုးရေပေးမယ်ဆိုရင် နွေစပါးစိုက်ပျိုးချင်ပါတယ်”ဟု ကန်နီကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မိုးစပါး ရိတ်သိမ်းပြီးသည်နှင့် နွေစပါးစိုက်ပျိုးရေးအတွက် ပြင်ဆင်ဆောင်ရွက်လိုသော်လည်း စိုက်ပျိုးရေ ရရှိနိုင်ခြင်း ရှိ၊ မရှိ မသိရသေးသဖြင့် စောင့်ဆိုင်းနေရကြောင်း၊ စိုက်ပျိုးရေရရှိပါက ကန်နီကျေးရွာတွင် နွေစပါးစိုက်ဧက ရာနှင့်ချီ၍ စိုက်ပျိုးမည်ဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။ မိတ္ထီလာကန်မှ ကန်ရေကို မြို့ပေါ်ရပ်ကွက်များနေ ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေ၊ ကျေးရွာနေ ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေအဖြစ် အားထားအသုံးပြုနေရဆဲဖြစ်ပြီး သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေခြင်းအား ကန်ရေဝင်ရောက်မှုအနေအထားပေါ်မူတည်၍ တာဝန်ရှိသူများမှ သင့်တင့်မျှတအောင် စီမံဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



**မိတ္ထီလာမြို့နယ် မကျီးစုကျေးရွာအုပ်စု ကန်နီကျေးရွာတွင် မိုးစပါးများ ရိတ်သိမ်းနေသည့် ဒေသခံတောင်သူများကို ဒီဇင်ဘာလ ၁၅ ရက်က မြင်တွေ့ရစဉ်။**

# ကျေးရွာချင်းဆက်လမ်းများခင်းနေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဒီဇင်ဘာ ၁၆**
ကျောက်ဆည်မြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရွှေမုံပင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက်လမ်းများအား ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုနှင့် တာဝန်ရှိသူများသည် သတ်မှတ်ထားသည့် လမ်းစံချိန်စံညွှန်းနှင့် ညီညွတ်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးတိုင်းတာသောလမ်းများမှာ ခွင့်ပြုငွေကျပ် ၄၄ ဒသမ ၂၁၃ သန်း၊ အရှည် (၂/၃)မိုင်ရှိ အရှေ့ငယ်တိုး-ထန်းဇင်တော်-ကျောက်ဆည်ကျေးရွာချင်းဆက် ဂျင်းကျောက်ခင်းလမ်း ခွင့်ပြုငွေကျပ် ၄၀ ဒသမ ၈၈၇ သန်းဖြင့် အရှည် (၂/၂)မိုင်ရှိ ရဲဘော်ကြီး-သပြေဝန်းကျေးရွာချင်းဆက် ဂျင်းကျောက်လမ်း၊ ခွင့်ပြုငွေကျပ် ၃၂ ဒသမ ၅၇၈ သန်းဖြင့် အရှည် (၁/၆)မိုင်ရှိ ရှမ်းရွာကြီး-ဗလီကွင်း-သာစည်လေး ကျေးရွာချင်းဆက် ဂျင်းကျောက်လမ်း၊ ခွင့်ပြုငွေကျပ် ၂၇ ဒသမ ၉၂၅ သန်းဖြင့် အရှည်(၁/၄)မိုင်ရှိ အနောက်ရေပြားတော-စက်မှုဇုန် ဂျင်းကျောက်ခင်းလမ်းတို့ဖြစ်ကြောင်း သိရပြီး အဆိုပါ ရွှေမုံပင်ကုမ္ပဏီမှ နောက်ထပ်လမ်းသုံးလမ်းနှင့် တံတားတစ်စင်းကို ခွင့်ပြုငွေကျပ် ၁၀၃ ဒသမ ၅၇၉ သန်းဖြင့် တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သက်မောင်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၀။ | ဆရာဦးခန့်ကျော် | အယူတော်မင်္ဂလာပညာနိဒါန်း | ၁၀၀၀ | ခန့်ကျော်စာပေ |
| ၄၁။ | ဂျော်စူးသစ်၊ရှင်ငြိမ်းသာ၊ မိုးချွန် | မော်ဆရာလက်ရေး | ၁၅၀၀ | ခေတ်ပင်လယ်စာပေ |
| ၄၂။ | ကိုခါး(ကွမ်းခြံကုန်း) | ရေနွေးဖန်ဖန်၊ ရေချိုချို | ၂၅၀၀ | ရန်အောင်(၂)စာပေ |
| ၄၃။ | ခွန်လှိုင်း(မြန်မာပြန်) | ကိုးကန့်သမိုင်းထဲကယန်မျိုးနွယ် | ၃၀၀၀ | ယဉ်မျိုးစာပေ |
| ၄၄။ | ကာတွန်းဝိဇ္ဇာ | လမင်းသုံးဆင့်စံအိမ် | ၂၅၀၀ | အောင်မြင်စာပေ |
| ၄၅။ | လှိုင်ထွန်းနိုင် | ဇင်အရှုးရိုကန်ဇင်ကဗျာများ | ၂၅၀၀ | ဝါးလည်စာပေ |
| ၄၆။ | နတ်မောက်ထွန်းရှိန် | ယဉ်ကျေးမှုမြို့တော်မှမြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း | ၃၀၀၀ | ဇင်ရတနာစောစာပေ |
| ၄၇။ | အောင်ကိုဦး (UMK) | ကတိစကားလေးတစ်ခွန်း | ၁၅၀၀ | ကောင်းဆုသာစာပေ |
| ၄၈။ | ဟိန်းဆက်သွင် | ဖျောက် | ၁၅၀၀ | ပွင့်ဖူးရိပ်စာပေ |
| ၄၉။ | ဆွေဇင်မင်း | ရင်မာသိုဝှက်-အလွမ်းရက်များ | ၂၀၀၀ | ပွင့်ဖူးရိပ်စာပေ |
| ၅၀။ | တြိသခ် | ဥပါယ်တံမျဉ် | ၁၈၀၀ | အောင်မြင်စာပေ |
| ၅၁။ | Dr-ကျော်ဝင်း | တောင်ကြီးညီလာခံ၊ ဖက်ဒရယ်မူနှင့် ပြည်နယ်ပြည်မညီလာခံ | ၃၀၀၀ | ခေတ်ပြတိုက် |
| ၅၂။ | ဒဂုန်တာရာ | ငြိမ်းချမ်းရေး၊ နိုင်ငံရေး လှုပ်ရှားမှုများနှင့် စာပေလက်ရာများ | ၂၅၀၀ | ခေတ်ပြတိုက် |
| ၅၃။ | ဘိုးဟန်(မြန်မာပြန်) | လီကွမ်ယု၏အုပ်ချုပ်ရေးဆိုင်ရာအဆိုအမိန့်များ | ၁၈၀၀ | စိတ်ကူးချိုချို |
| ၅၄။ | ဘိုးဟန်(မြန်ာမာပြန်) | လီကွမ်ယု၏ဘဝရှင်သန်ရေးအဆိုအမိန့်များ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၅၅။ | ဘိုးဟန်(မြန်မာပြန်) | စီမံခန့်ခွဲရေးအဆိုအမိန့်များ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၅၆။ | တီတင်(စက်မှုတက္ကသိုလ်) | ဖြတ်သန်းခဲ့ရသော ဘဝနေ့ရက်များ | ၃၀၀၀ | Unity |
| ၅၇။ | မေမြို့-မိုးကြည် | ရှင်မဟာဗုဒ္ဓဃောသ(သို့)အရှင်ဇနကာဘိဝံသ | ၂၇၀၀ | စိတ်ကူးချိုချို |
| ၅၈။ | လင်းတည်ဦး | မိုးကြိုးတောင်တိုက်ပွဲ | ၁၂၀၀ | ပင်ဝါးရုံ |
| ၅၉။ | | မြန်မာ့ခြေရာခရီးသွားလမ်းညွှန်၂၀၁၆-၂၀၁၇ စင်ကာပူ | ၃၅၀၀ | |
| ၆၀။ | အရှင်မနောဟရ | စာကြည့်တိုက်သမားရဲ့စကားလက်ဆောင် | ၂၀၀၀ | Global Piece Group |
| ၆၁။ | မင်းယုဝေ | ရွှေတိဂုံစေတီတော် | ၆၀၀၀ | စိတ်ကူးချိုချို |
| ၆၂။ | ထက်မြက် | ကျွန်တော်လေးစားချစ်ခင်ရသူများ | ၆၅၀၀ | စိတ်ကူးချိုချို |
| ၆၃။ | ချစ်ဦးတင် | သူ့တို့ခေတ် သူ့တို့သမိုင်း-၂ | ၄၅၀၀ | စိတ်ကူးချိုချို |
| ၆၄။ | မောင်တည်တံ့ | မစံပယ် | ၂၅၀၀ | GPG |
| ၆၅။ | မင်းစိုးသန်း | ပျံ့သန်းဖို့အိပ်မက်များ | ၁၃၀၀ | စိတ်ကူးချိုချို |
| ၆၆။ | မောင်မောင်တင် | သူနာပြုဆရာမလေးယဉ်ယဉ်ထွန်း | ၂၀၀၀ | |
| ၆၇။ | မောင်လှလွန်း | ဗုဒ္ဓမြတ်စွာအတ္ထုပ္ပတ္တိကဗျာ (ပူဇော်သည်) | ၂၀၀၀ | KMOE စာပေ |

# ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကမ္ဘာလှည့် ခရီးသည်တင် အပျော်စီး သင်္ဘောကြီး M.S Seven Seas Voyager သည် ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ရောက်ရှိလာရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

အဆိုပါသင်္ဘောကြီးတွင် ကမ္ဘာလှည့် ခရီးသည် ၆၅၄ ဦးနှင့် သင်္ဘောဝန်ထမ်း ၄၃၉ ဦးတို့ လိုက်ပါခဲ့ပြီး သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှ ရောက်ရှိလာခြင်းဖြစ်သည်။



"အခု ရောက်လာတဲ့ ကမ္ဘာလှည့် ခရီးသွားတွေကို လုံခြုံရေးပိုင်း အပြင် လိုအပ်တဲ့ဝန်ဆောင်မှုတွေကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာပါ။ ဒီနေ့တော့ သူတို့အနေနဲ့ ရန်ကုန်မြို့ပေါ် ကိုလည်မယ်၊ မနက်ဖြန်မှာတော့ ပဲခူးကို သွားမယ်လို့သိရပါတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ကမ္ဘာလှည့် ခရီးသည်တင် အပျော်စီး သင်္ဘောကြီး M.S Seven Seas Voyager ဖြင့် ရောက်ရှိလာသည့် ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်၊ ပဲခူး၊ ပုဂံ၊ မန္တလေးမြို့များသို့ သွားရောက် လည်ပတ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ပြန်လည် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏိတ)**

# တစ်လထက်တစ်လမြင့်တက်လာသည့် ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ သင့်တင့်သော ဈေးနှုန်းရရှိရေး ထိန်းညှိဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ငွေလဲနှုန်းတန်ဖိုးမြင့်တက်လာမှု အပါအဝင် စင်ကာပူဈေးနှုန်း၊ CIF ဈေးနှုန်းမြင့်တက်လာမှုကြောင့် ပုဂ္ဂလိကအရောင်းဆိုင်များမှ စက်သုံးဆီဈေးနှုန်းများလည်း တစ်လထက်တစ်လ လိုက်ပါမြင့်တက်လျက်ရှိရာ အဆိုပါ စက်သုံးဆီဈေးနှုန်းများ သင့်တင့်သော ဈေးနှုန်းရရှိရေးအတွက် ထိန်းညှိဆောင်ရွက်လျက်ရှိကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း အခမ်းအနားမှ သိရသည်။

ပုဂ္ဂလိကနှင့် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာတွင် ယခုနှစ် ဧပြီလမှ ဒီဇင်ဘာ ၉ ရက်အထိ လအလိုက် ပျမ်းမျှ စင်ကာပူဈေးနှုန်း၊ CIF ဈေးနှုန်းနှင့် ပုဂ္ဂလိကအရောင်းဆိုင်ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ရာ MOPS ဈေးနှုန်းတက်ခြင်း၊ ငွေလဲနှုန်းတန်ဖိုးများ တစ်လထက်တစ်လ မြင့်တက်လာခြင်းအပေါ် ပုဂ္ဂလိကအရောင်းဆိုင်များ၏ ရောင်းဈေးနှုန်းများလည်း လိုက်ပါမြင့်တက်လျက်ရှိခြင်းကြောင့် ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများ သင့်တင့်သောဈေးနှုန်းရှိစေရေး၊ နိုင်ငံတကာဈေးနှုန်းများနှင့် လိုက်လျောညီထွေ ဖြစ်စေရေးတို့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA) နှင့် ဈေးနှုန်းကြီးကြပ်ရေးအဖွဲ့များက ထိန်းညှိဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆိပ်ကမ်းအရောက်တန်ဖိုးနှင့် အထွေထွေကုန်ကျစရိတ်များအပေါ်တွင် ထိုက်သင့်သည့် အမြတ်ရာခိုင်နှုန်းများ ထည့်သွင်းကာ သင့်တင့်သည့်ဈေးနှုန်းဖြင့် ရောင်းချရေးအတွက်လည်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကပါဝင်မှုကို အားပေးမြှင့်တင်ရန်နှင့် ပုဂ္ဂလိကစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၂၆၁ ဆိုင်အား ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပြီး ယနေ့အထိ တစ်နိုင်ငံလုံးတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ၂၀၀၄ ဆိုင်နှင့် ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းခြောက်ခုတို့ကို စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ခွင့်ပြုထုတ်ပေးထားပြီး ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် ရေယာဉ်များသို့ စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူး ရောင်းချခွင့်လိုင်စင်အား ရေယာဉ် ၁၄ စင်းနှင့် လေယာဉ်ဆီဖြန့်ဖြူး ရောင်းချခွင့်လိုင်စင် ၁၃ ခုတို့ကို ခွင့်ပြုထုတ်ပေးထားပြီး နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်မှာ တစ်နိုင်ငံလုံးတွင် ၁၂ ဆိုင်ရှိရာ နေပြည်တော်တွင် တစ်ဆိုင်၊ ရန်ကုန်မြို့တွင် သုံးဆိုင်၊ မန္တလေးမြို့တွင် နှစ်ဆိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် နှစ်ဆိုင်၊ ကယားပြည်နယ်တွင် တစ်ဆိုင်၊ ကရင်ပြည်နယ်တွင် တစ်ဆိုင်၊ ချင်းပြည်နယ်တွင် တစ်ဆိုင်နှင့် ရှမ်းပြည်နယ်တွင် တစ်ဆိုင်တို့ကို ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**(နိုင်လင်းကြည်၊ ကိုမင်း)**



# ကျီးကန်ပြင်အလယ်ရွာတွင် အိမ်ငါးလုံးမီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကျီးကန်ပြင်အလယ်ရွာတွင် ဒီဇင်ဘာ ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က လူနေထိုင်ခြင်းမရှိသည့် အလျား ၁၅ ပေ၊ အနံ ၁၂ပေ၊ အမြင့် ၁၂ ပေအရွယ်ရှိ ဓနိမိုး၊ ထရံကာအမျိုးအစား၊ ဘင်္ဂါလီလူမျိုး၏ အိမ်ငါးလုံး မီးလောင်ကြောင်းနှင့် ရှို့မီးဖြစ်နိုင်ကြောင်း အုပ်စုအုပ်ချုပ်ရေးမှူးထံမှ စုံစမ်းသိရသည်။

**(သတင်းစဉ်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်(ရွှေဈေး) ၈၆၁၀၀၀ - ၈၆၁၀၀၀ မန္တလေး(ရွှေဈေး) ၈၆၁၀၀၀ - ၈၆၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၀၀/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၈၂၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၅၀/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၈၀/၇၁၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၈ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၃.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆.၅၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၁၄၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅.၅၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၁၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၅၆.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၄၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၄.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၆.၃၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီလှည့်လည်ပူဇော်ခံပြီး ပြန်လည်ကိန်းဝပ်ရန် ပင့်ဆောင်

**သီပေါ ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် နှစ်ပေါင်း ၁၂၅ နှစ်က စော်ဘွားကြီးစောကြာခိုင် သီဟိုဠ်နိုင်ငံမှပင့်ဆောင်ခဲ့သော ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲနှင့် မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်တိုက်တွင် ကိန်းဝပ်ရန် ပြန်လည်ပင့်ဆောင်ခြင်းနှင့် အောင်ပွဲမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက်ကယင်းကျောင်းတိုက်၌ ကျင်းပရာ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ဦးစီးပဓာန နာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်က ဗုဒ္ဓမြတ်စွယ်တော်အား စွယ်တော်တိုက်အတွင်း ပြန်လည်သိတင်းသုံးကိန်းဝပ်စံပယ်ရန် ပင့်လျှောက်ပြီး ပွဲတော်ကျင်းပရေး နာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် မြို့မိ မြို့ဖ ဦးအောင်ခင်တို့ထံ လွှဲပြောင်းပေးအပ်သည်။

**စိုင်း(သီပေါ)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးပွဲ ညောင်တုန်းမြို့နယ်၌ ပြုလုပ်

**ညောင်တုန်း ဒီဇင်ဘာ ၁၆**

ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြုမီးဘေးအန္တရာယ်နှင့် မီးဘေးလုံခြုံစေရေး မီးငြိမ်းသတ်မှုသရုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရာပြည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းက ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် စနစ်တကျ မီးသုံးစွဲနိုင်ရေး၊ မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံနှင့် မီးငြိမ်းသတ်မှု အကြောင်းအရာများ၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် သရုပ်ပြအသိပညာပေးခြင်းလုပ်ငန်းများအား ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၇၀၀ ကျော်အား ဟောပြောပို့ချအသိပညာပေးခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**အိုးသည်ကုန်း ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး အိုးသည်ကုန်းမြို့ လျှပ်စစ်မှူးရုံး၏အုပ်ချုပ်မှုနယ်မြေအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့လျှပ်စစ်မှူး ဦးအောင်အောင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၁၁ ရက်က အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်ဦးစီးနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများ စုစုပေါင်း အင်အား ၄၀ ခန့်တက်ရောက်ကြပြီး လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**(၄၉၇)**



ရထားရဲတပ်ဖွဲ့ အမှတ်(၁၈) တပ်ခွဲ တပ်စု(၃) ပုဂံတပ်စုမှူး ဒု-ရဲအုပ်ဌေးလွင် ဒီဇင်ဘာ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကုန်းသာကြီးကျေးရွာအုပ်စု ဖျောက်ဆိပ်ပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာသူ ကျေးရွာသားများအား ရထားများဖြတ်သန်းမောင်းနှင်ရာတွင် ရထားနှင့် ကျွဲ၊ နွားများ တိုက်မိမှုဖြစ်စဉ်များ ဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ လူနှင့်တိရစ္ဆာန်များ၊ ရထားကြိတ်မှုဖြစ်ပွားပြီး ထိခိုက်/ဒဏ်ရာရသေဆုံးသည့်ဖြစ်စဉ်များ လျော့နည်းကျဆင်းရေး၊ မှုခင်းများမဖြစ်ပွားစေရေးနှင့် ရထားအား ခဲဖြင့်ပစ်ပေါက်ပါက ပြည်သူများအရေးယူခံရမည့် ပြစ်ဒဏ်များအား အသိပေးဆွေးနွေးစဉ်။

**(ရထားရဲတပ်ဖွဲ့)**

# တောင်ကိုရီးယားကြယ်ပွင့် စုံတွဲသစ်များ



## ဟွန်ဘင်းနဲ့ ကန်ဆိုရာ

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဟွန်ဘင်းနဲ့ မင်းသမီး ကန်ဆိုရာတို့ဟာ ချစ်သူတွေဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၃၄)နှစ်အရွယ် မင်းသားနဲ့ (၂၆)နှစ်အရွယ် မင်းသမီးတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ အောက်တိုဘာလကတည်းက ချစ်သူတွေဖြစ်ကြကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပေမယ့် အတည်ပြုပြောကြားခဲ့ခြင်းမရှိဘဲ ယခုအခါမှ သူတို့နှစ်ဦးရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေကတစ်ဆင့် ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။

ဟွန်ဘင်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဗက်ထ်အန်တာတိန်းမန့်က သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့အောက်တိုဘာလအတွင်းက အလုပ်ကိစ္စတစ်ခုနဲ့ စတင်တွေ့ဆုံခဲ့တာဖြစ်ကြောင်းနဲ့ မကြာသေးမီကမှ ချစ်သူတွေအဖြစ် လက်တွဲခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ကန်ဆိုရာရဲ့အေဂျင်စီဖြစ်တဲ့ ပန်းလ်မ်အန်တာတိန်းမန့်ကတော့ သူတို့နှစ်ဦးဟာ လွန်ခဲ့တဲ့တစ်လခွဲခန့်က စတင်ပြီး ချစ်သူတွေဖြစ်ခဲ့ကြကြောင်း ဖွင့်ဟခဲ့ပါတယ်။

အလွန်ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ ဟွန်ဘင်းက သူ့ရဲ့စစ်မှုထမ်းကာလမတိုင်မီ ပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာ သူ့ရဲ့စိတ်ကူးထဲက သတို့သမီးနဲ့ပတ်သက်ပြီး သူဟာ အလွန်နားလည်မှုရှိတဲ့ အမျိုးသမီးတစ်ဦးကို လက်တွဲဖော်အဖြစ် ရွေးချယ်လိုကြောင်းနဲ့ သူ့ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ပတ်သက်ပြီး အရာရာကို နားလည်ပေးနိုင်မယ့်သူတစ်ဦးနဲ့သာ တွေ့ဆုံလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ ကန်ဆိုရာကလည်း သူ့ရဲ့လက်တွဲဖော်အဖြစ် အရပ်ရှည်ရှည်၊ ပခုံးကျယ်ကျယ်နဲ့ မပိန်လွန်းတဲ့သူမျိုးကို နှစ်သက်ကြောင်း ဆိုခဲ့ပါတယ်။ ဒ့ါအပြင် ဝါသနာကိုဝေမျှနိုင်မယ့် ဝါသနာတူသူတစ်ဦးဖြစ်ရန်လိုပြီး စကားပြောရာမှာလည်း ဟာသတွေပြောတတ်သူတစ်ဦးကိုနှစ်သက်ကြောင်း ဖွင့်ဟခဲ့ပါတယ်။ ဒ့ါကြောင့် သူတို့နှစ်ဦးစလုံးရဲ့ စိတ်ကူးအိပ်မက်တွေပြည့်ဝခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ဒ့ါအပြင် ဟွန်ဘင်းက သူ့ရဲ့အသက် (၄၀)မပြည့်ခင်မှာ လက်ထပ်ပြီး မိသားစုဘဝတစ်ခုကို ထူထောင်လိုကြောင်းလည်း ဖွင့်ဟခဲ့ဖူးတာကြောင့် လတ်တလောမှာ အသက် (၃၅)နှစ်ပြည့်ခါနီးပြီဖြစ်တဲ့ ဟွန်ဘင်းအတွက် မကြာမီ လက်ထပ်ပွဲဆင်နွှဲတော့မှာလားဆိုတာဟာလည်း သူ့ရဲ့ပရိသတ်တွေအဖို့ အထူးစိတ်ဝင်စားစရာ ဖြစ်ပါတယ်။



## ကင်မ်ဂျိုဟွတ်ခ်နဲ့ လီယိုယောင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကင်မ်ဂျိုဟွတ်ခ်နဲ့ မင်းသမီး လီယိုယောင်းတို့ဟာ ချစ်သူတွေဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် သူတို့နှစ်ဦးရဲ့ အသက်အရွယ်အားဖြင့် (၁၇) နှစ်ခန့်ကွာခြားမှုဟာ ပရိသတ်အများကို အံ့အားသင့်စေခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မင်းသား ကင်မ်ဂျိုဟွတ်ခ်ကိုယ်တိုင် သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ပြောကြားခဲ့တာဖြစ်တယ်လို့ မီဒီယာအချို့ရဲ့ဖော်ပြချက်တွေအပေါ် သူတို့နှစ်ဦးရဲ့ ဖျော်ဖြေရေးအေဂျင်စီက ကာယကံရှင်နှစ်ဦးနဲ့ တွေ့ဆုံမေးမြန်းကာ အတည်ပြုချက်ကို ထုတ်ဖော်ပြောကြားပေးသွားမှာဖြစ်ကြောင်းနဲ့ လတ်တလောမှာတော့ အဆိုပါကောလာဟလတွေကို အတည်ပြုဆဲဖြစ်ကြောင်း ပြောကြားခဲ့ကြပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

# လေဒီဂါဂါရဲ့ တေးဗီဒီယိုသစ်ထုတ်လွှင့်



ပေ့ါပ်အဆိုတော် လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Million Reasons"ရဲ့တေးဗီဒီယိုကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၄ ရက်က စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အသက် (၃၀)ရှိပြီဖြစ်တဲ့ လေဒီဂါဂါဟာ ယခုထုတ်လွှင့်ခဲ့တဲ့ "Million Reasons "ရဲ့ တေးဗီဒီယိုမှာလည်း ယခင်ထုတ်လွှင့်ခဲ့တဲ့ "Perfect Illusion" တေးသီချင်းရဲ့ ဗီဒီယိုမှာကဲ့သို့ ကန္တာရတစ်ခုကို နောက်ခံမြင်ကွင်းအဖြစ် ထည့်သွင်းရိုက်ကူးထားတာ တွေ့ရပြီး သံစဉ်ကတော့ လေဒီဂါဂါအတွက်တော့ နူးညံ့ပျော့ပျောင်းတဲ့ သံစဉ်ဖြစ်တာ တွေ့ရပါတယ်။ ဒ့ါအပြင် ယင်းတေးသီချင်းမှာ တေးအယ်လ်ဘမ်ရဲ့ အမည်ဖြစ်တဲ့ "Joanne" ရဲ့ ပုံရိပ်တွေကို အပြည့်အဝတွေ့ရှိခဲ့ရပါတယ်။

လတ်တလောထုတ်လွှင့်ခဲ့တဲ့ ဂါဂါရဲ့ တေးအယ်လ်ဘမ်သစ် "Joanne"ဟာ ဂါဂါရဲ့ ခံစားချက်တွေ လွှမ်းမိုးနေတဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်တယ်လို့ ဝေဖန်သံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Perfect Illusion" ဟာလည်း ဂါဂါက မကြာသေးမီကမှ လမ်းခွဲခဲ့တဲ့ ချစ်သူဟောင်း တေလာကင်နေကို ရည်ရွယ်သီဆိုထားတာဖြစ်တယ်လို့ ဝေဖန်ခဲ့ကြပါတယ်။ ဒါပေမယ့် လေဒီဂါဂါကတော့ အဆိုပါကောလာဟလတွေကို ငြင်းဆိုခဲ့ပြီး သူ့အနေနဲ့ တေလာကို အလွန်ချစ်ခင်ကြောင်းနဲ့ လတ်တလောမှာ အကောင်းဆုံးသူငယ်ချင်းတွေအဖြစ်သာ ရှိနေပါကြောင်း ပြီးခဲ့တဲ့လအတွင်းက ပြုလုပ်ခဲ့တဲ့ ရေဒီယိုအင်တာဗျူးတစ်ခုမှာ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ ပေ့ါပ်အဆိုတော် လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ် "Joanne" ဟာ ငါးခုမြောက် စတူဒီယိုတေးအယ်လ်ဘမ်ဖြစ်ပြီး ပြီးခဲ့တဲ့အောက်တိုဘာလအတွင်းက စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတွေရဲ့ တေးဗီဒီယိုတွေကို ထုတ်လွှင့်လျက်ရှိရာ "Million Reasons" နဲ့ "Perfect Illusion"တို့ရဲ့ တေးဗီဒီယိုနှစ်ခုကို ထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါတယ်။



## ခရစ္စမတ်သစ်ပင်အတူဝယ်ခဲ့တဲ့မင်းသား ဟယ်ရီနဲ့ မက်ဂန်မာကယ်လ်

ဝေးလ်ရဲ့မင်းသားတစ်ဦးဖြစ်တဲ့ ဟယ်ရီဟာ သူ့ရဲ့ချစ်သူ မက်ဂန်မာကယ်လ်နဲ့အတူ စျေးဝယ်ထွက်ကြရင်း လာမယ့်အားလပ်ရက်တွေအတွက်ရည်ရွယ်ကာ ခရစ္စမတ်သစ်ပင်တစ်ပင်ကိုပါ ဝယ်ယူခဲ့ကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ တနင်္လာနေ့က လန်ဒန်မြို့မှာရှိတဲ့ စတိုးဆိုင်တစ်ဆိုင်ကနေ ခရစ္စမတ်သစ်ပင်တစ်ပင်ကိုအတူဝယ်ယူခဲ့ကြပြီး လတ်တလောမှာလည်း သူတို့နှစ်ဦးဟာ လန်ဒန်မှာအတူရှိနေကြတာ ဖြစ်ပါတယ်။ မင်းသမီး မက်ဂန်မာကယ်လ်ဟာ အားလပ်ရက်တွေကို ချစ်သူနဲ့အတူကုန်ဆုံးဖို့ လန်ဒန်ကို ရောက်ရှိနေတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဟယ်ရီနဲ့ မက်ဂန်မာကယ်လ်တို့စုံတွဲဟာ ခြောက်ပေခန့်မြင့်တဲ့ အဆိုပါခရစ္စမတ်သစ်ပင်ကို အမေရိကန်ဒေါ်လာ ၇၀ နဲ့ ဝယ်ယူခဲ့တာဖြစ်ပြီး မင်းသားက အဆိုပါသစ်ပင်ကို ကားဆီကို ကိုယ်တိုင်သယ်ဆောင်သွားခဲ့တာ ဖြစ်ပါတယ်။

အာဖရိကန်-အမေရိကန်လူမျိုးစပ်မိခင်က မွေးဖွားလာခဲ့တဲ့ မက်ဂန်မာကယ်လ်က လူမျိုးစပ်တစ်ဦးအနေနဲ့ ဟောလိဝုဒ်ရဲ့အနုပညာလောကမှာ ရှင်သန်လှုပ်ရှားရတဲ့ အခက်အခဲတွေကို မကြာသေးမီက Elle UK မဂ္ဂဇင်းကြီးကို ဖွင့်ဟခဲ့ပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၇-၁၂-၂၀၁၆(စနေနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Hyper Sports |
| ၈း၃၅ | ပန်းပျိုးခင်း(အပိုင်း-၁၀) |
| ၉း၃၅ | Business News |
| ၁၀း၃၅ | ကဗျာရိပ်မြုံ "ပန်းနဲ့လိပ်ပြာ" |
| ၁၀း၅၀ | "ပြည်သူ့ဘဝမြင့်တင်ဖို့ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းစို့" |
| ၁၁း၁၅ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ရှောက်သီးနှင့် ရှောက်ရွက်" |
| ၁၁း၃၅ | "ချစ်စရာ့အရွယ်ကစားကြမယ်" |
| ၁း၂၀ | အနုပညာသတင်းအစီအစဉ် |
| ၂း၂၀ | ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်) "အိမ်အပြန်၊ ပေါင်မုန့်" (Go Home The Bread) |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၆၄) |
| ၄း၃၅ | NHK Programme "ဂျပန်နိုင်ငံ၏ လှပသောရေမြေသဘာဝရှုခင်းများ" (ကန်၏သဘာဝရှုခင်းများ) |
| ၅း၁၅ | Football Mangazine |
| ၅း၃၅ | ရှုဖွယ်စုံလင်အာဆီယံတစ်ခွင် |
| ၅း၄၅ | "နေမဝင်တက္ကသိုလ်နန်း၏ ရာပြည့်အကြိုသို့လှမ်းကြမယ်" |
| ၆း၃၅ | Tasty Trip |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာကလဲ့စား" (အပိုင်း-၁၅) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း - ဂီတတံခါးလေးဖွင့်ပါဦး - ပြည်သူ့နီတိ "လူ" (တိမ်ညွန့်၊ ပေါ်လေး၊ နိုင်ဝင်း၊ ယဉ်မင်းပိုက်) (ဒါရိုက်တာ-မိုးဇော်ကို) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၁၇-၁၂-၂၀၁၆(စနေနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၀၀ | မေတ္တာပို့ |
| ၇း၁၀ | ဓမ္မပူဇာတေး |
| ၈း၁၀ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၃၀ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၀း၁၀ | တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း |
| ၁၀း၁၅ | စာပေအလင်းစာပေသတင်း |
| ၁၁း၂၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - သမီးရှူး (ကျော်ရဲအောင်၊ မေသဥ္ဇာဦးနှင့်သရုပ်ဆောင်များ) |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရေသူမရဲ့ခြေရာများ အပိုင်း(၂၂) |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၇၉) |
| ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၁၁) - နိုင်ငံတကာသတင်း - မိုးလေဝသသတင်း - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အကြင်နာမျက်ဝန်း"(အပိုင်း-၃၀) |

# ကမ္ဘာ့ဖလားပြိုင်ပွဲပုံစံပြောင်းလဲကျင်းပရေး ဆုံးဖြတ်ချက်အဆို ဇန်နဝါရီ ၉ ရက်တွင် ကျင်းပမည့်အစည်းအဝေးတွင် တင်သွင်းမည်ဟုဆို






ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေနဲ့ ၂၀၂၆ ခုနှစ်မှစတင်ကာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်ပွဲစဉ်တွေမှာ သရေရလဒ် ထွက်ပေါ်ခဲ့ပါက ပြတ်သားတဲ့ရလဒ်တစ်ခု ထွက်ပေါ်လာစေဖို့အတွက် ပင်နယ်တီကန်သွင်းကာ အဆုံးအဖြတ်ရယူဖို့ စီစဉ်လျက်ရှိကြောင်း သိရပါတယ်။

အဲဒီအစီအစဉ်ကိုတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖြစ်သူ အင်ဖန်တီနိုက စီစဉ်ထားခဲ့တာဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပနေတဲ့ ပုံစံအဟောင်းကို အသစ်ပြန်လည်ဖန်တီးဖို့ ပြိုင်ပွဲဝင်အသင်းတွေကိုလည်း ၄၈ သင်းအထိ တိုးမြှင့်သွားဖို့ စီစဉ်ထားတဲ့အကြောင်း အင်ဖန်တီနိုက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အခုလက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲတွေ ကျင်းပနေတာကတော့ ၃၂ သင်းနဲ့ ကျင်းပနေတာဖြစ်ပါတယ်။

လက်ရှိမှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာဆိုရင် လေးသင်းကို ရှစ်အုပ်စုခွဲပြီး ကျင်းပနေတာဖြစ်ပြီး အကယ်၍ ကျင်းပတဲ့ပုံစံ ပြောင်းလဲဖြစ်ခဲ့မယ်ဆိုပါက သုံးသင်းကို ၁၆ အုပ်စုခွဲပြီး ကျင်းပမယ်လို့ ဆိုခဲ့ပါတယ်။ အဲဒီလို ကျင်းပဖြစ်ခဲ့မယ်ဆိုရင် တစ်အုပ်စုမှာ နှစ်သင်းက နောက်တစ်ဆင့်တက်လှမ်းမှာဖြစ်ပြီး နောက်တစ်ဆင့်မှာတော့ ၃၂ သင်း အဆင့်ဖြစ်လာမှာဖြစ်ပါတယ်။

အုပ်စုတွင်းပြိုင်ပွဲတွေမှာ သရေပွဲဖြစ်ခဲ့ရင် ပြတ်သားတဲ့ အဆုံးအဖြတ်ထွက်ပေါ်အောင် ပင်နယ်တီကန်သွင်းကာ အဆုံးအဖြတ်ရယူတဲ့ပုံစံကို အမေရိကန်ပြည်ထောင်စုမှာ ၁၉၉၉ ခုနှစ်အထိ ကျင်းပခဲ့တာဖြစ်ကြောင်းနဲ့ လိဂ်ပွဲစဉ်အားလုံးကို အဲဒီလိုပုံစံနဲ့သာ ကျင်းပခဲ့တာဖြစ်ကြောင်းလည်း အင်ဖန်တီနိုက ပြောခဲ့ပါတယ်။

စပိန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ ၁၉၈၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အသင်း ၂၄ သင်းကို ခြောက်အုပ်စုခွဲပြီး လေးသင်းတစ်အုပ်စုပုံစံနဲ့ ကျင်းပခဲ့တဲ့အချိန်မှာ အနောက်ဂျာမနီအသင်း၊ ဩစတြေးလျအသင်း၊ အယ်လ်ဂျီးရီးယားအသင်းနဲ့ ချီလီအသင်းတို့ တစ်အုပ်တည်းကျရောက်ခဲ့ရာတွင် အနောက်ဂျာမနီအသင်း၊ ဩစတြေးလျအသင်းနဲ့ အယ်လ်ဂျီးရီးယားအသင်းတို့ဟာ ရမှတ်လေးမှတ်စီရရှိခဲ့ပေမယ့် အနောက်ဂျာမနီနဲ့ ဩစတြေးလျကသာ နောက်တစ်ဆင့်ကို တက်နိုင်ခဲ့တာပါ။ အယ်လ်ဂျီးရီးယားကတော့ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ သုံးသင်းတစ်အုပ်စုပုံစံနဲ့ ကျင်းပမယ်ဆိုပါက အဲဒီလို အဖြစ်အပျက်တွေဖြစ်မလာနိုင်ဘူးဆိုတာကိုလည်း အင်ဖန်တီနိုက ထောက်ပြခဲ့ပါတယ်။

အဲဒီလို ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကြိုတင်စီစဉ်ထားတာနဲ့ ပတ်သက်ပြီး ဇန်နဝါရီ ၉ ရက်နဲ့ ၁၀ ရက်တို့မှာ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ကျင်းပမယ့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကောင်စီအစည်းအဝေးမှာ သူ့ရဲ့ အဆိုပြုလွှာကို တင်သွင်းသွားမယ်လို့လည်း ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက ပြောခဲ့ပါတယ်။

**(ငွေကြယ်)**

## ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် မက်ဆီအား ဆွာရက်ဇ်တောင်းဆို

ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်သည် အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ပြီးနောက် အသင်းဖော် မက်ဆီအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာသည် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်အား ၂၀၂၁ ခုနှစ် ဆက်ရှိနေမည့် စာချုပ်သစ် တစ်ရပ်ချုပ်ဆိုခဲ့ပြီးနောက် မက်ဆီကိုလည်း စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ဆွာရက်ဇ်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။ လက်ရှိမက်ဆီ၏ စာချုပ်မှာ ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းကြောင့် ၎င်း၏ အသက်(၃၄)နှစ်အထိ ဘာစီလိုနာအသင်းတွင် ဆက်ရှိနေမည်ဖြစ်ပြီး ကစားသမားဘဝကိုလည်း ဘာစီလိုနာအသင်း၌သာ အဆုံးသတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ငွေကြယ်)**

## ကာယဗလမောင်မယ်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့က ကြီးမှူးကျင်းပသည့် ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ ရရှိပြီးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

ပြိုင်ပွဲတွင် အမျိုးသား (၅၅)ကီလို၊ (၆၀)ကီလို၊ (၆၅)ကီလို၊ (၇၀)ကီလိုနှင့် အထက်တန်းဟူ၍ ပါဝင်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက်၊ ၅ ပေ ၃ လက်မနှင့် အထက်ဟူ၍ ခွဲခြားထားသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အတွင်းရေးမှူး ဦးကျော်စိန်သန်း ဖုန်း-၀၉၄၅၀၀၂၅၈၆၈ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**(ကြေးမုံ)**

## အာဆင်နယ်နှင့် စာချုပ်သစ်အတွက် တစ်ပတ်ပေါင် ၂၅၀၀၀၀ ဆန်းချက်ဇ်တောင်းဆိုထား

အာဆင်နယ်အသင်းသည် အသင်း၏ အားထားရသည့်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်အား တစ်နှစ်လျှင် ပေါင် ၉ ဒသမ ၃ သန်းဖြင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်းထားသော်လည်း တိုက်စစ်မှူး ဆန်းချက်ဇ်ကမူ ၎င်း၏ စာချုပ်သစ်အတွက် တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ အထိ လိုချင်ကြောင်း ပြောကြားထားသည်။

ဆန်းချက်ဇ်၏ လက်ရှိလုပ်ခလစာသည် ပေါင် ၁၃၀၀၀၀ ရရှိနေပြီး အာဆင်နယ်အသင်းအနေဖြင့် စာချုပ်သစ်အတွက် ဆန်းချက်ဇ်အား တစ်ပတ်လုပ်လစာ ပေါင် ၁၈၀၀၀၀ ဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။ အာဆင်နယ်အသင်းက အဆိုပါ လုပ်ခလစာပမာဏဖြင့် ကမ်းလှမ်းထားသော်လည်း ဆန်းချက်ဇ်ကမူ တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ အနည်းဆုံးရရှိမှသာ စာချုပ်သစ်အတွက် ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စာချုပ်သစ်နှင့်ပတ်သက်သည့် ဆွေးနွေးမှုကို ဆန်းချက်ဇ်၏ ကိုယ်စားလှယ်နှင့် အာဆင်နယ်အသင်းတို့အကြား ပြုလုပ်လျက်ရှိပြီး အာဆင်နယ်အသင်းကမူ ဆန်းချက်ဇ်အား စာချုပ်သစ်ချုပ်ဆိုနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ တိုက်စစ်မှူး ဆန်းချက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲပေါင်း ၂၂ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးပေးနိုင်မှု ရှစ်ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဆန်းချက်ဇ်သည် ၂၀၁၄ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။ ဆန်းချက်ဇ်၏ အာဆင်နယ်အသင်းနှင့်စာချုပ်သည် ၁၈ လ ကျန်ရှိနေသေးသော်လည်း အသင်းအတွက် အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ဖန်တီးပေးနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အနေဖြင့် စာချုပ်သစ်ကမ်းလှမ်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် တရုတ်စူပါလိဂ်ကလပ်အသင်းများသည်လည်း တိုက်စစ်မှူး ဆန်းချက်ဇ်အား တစ်ပတ်ပေါင် ၄၀၀၀၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။ **(ငွေကြယ်)**






## ကမ္ဘာ့တတိယလစာအများဆုံးရရှိမယ့် ကစားသမားဖြစ်ရန် နီးစပ်နေပြီဖြစ်တဲ့ အော်စကာ

ချယ်လ်ဆီးအသင်း တောင်ပံတိုက်စစ်မှူး အော်စကာကို တရုတ်စူပါလိဂ်အသင်းဖြစ်တဲ့ ရှန်ဟိုင်းအက်စ်အိုင်ပီဂျီအသင်းက တစ်ပတ်လုပ်ခပေါင် ၄၀၀၀၀၀ နဲ့ ကမ်းလှမ်းထားတာကြောင့် ဒီအပြောင်းအရွှေ့သာ ဖြစ်မြောက်လာမယ်ဆိုရင် အော်စကာအနေနဲ့ ကမ္ဘာပေါ်မှာ တတိယလုပ်ခလစာအများဆုံးရရှိတဲ့ ဘောလုံးကစားသမား ဖြစ်ခွင့်ရလာပါလိမ့်မယ်။ သတင်းရင်းမြစ်တွေရဲ့ အဆိုအရ ဒီအပြောင်းအရွှေ့က ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်တာကြောင့် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်အတွင်း လျှင်လျှင်မြန်မြန် ဖြစ်မြောက်လာဖွယ်ရှိပါတယ်။ ရှန်ဟိုင်းအသင်းက အော်စကာအတွက် တစ်နှစ်လုပ်ခပေါင် သန်း ၂၀ နဲ့ ကမ်းလှမ်းထားတာကြောင့် လာဗက်ဇီ၊ စီရိုနယ်လ်ဒိုတို့ပြီးရင် ကမ္ဘာပေါ်မှာ တတိယလုပ်ခလစာ အများဆုံးရရှိတဲ့ ဘောလုံးသမားဖြစ်လာပါလိမ့်မယ်။ လာဗက်ဇီရဲ့ တစ်ပတ်လုပ်ခလစာ ပေါင် ၄၉၃၀၀၀ ဖြစ်သလို စီရိုနယ်လ်ဒိုက တစ်ပတ် ပေါင် ၄၄၀၀၀၀ ရရှိနေပေမယ့် ဘာစီလိုနာ စူပါစတား လီယွန်နယ်မက်ဆီကတော့ လောလောဆယ် တစ်ပတ် ပေါင် ၂၇၀၀၀၀သာ ရရှိပါတယ်။

အော်စကာက ချယ်ဆီးမှာ တစ်ပတ် ပေါင် ၉၀၀၀၀ သာ ရရှိထားတာကြောင့် ရှန်ဟိုင်းမြို့အခြေစိုက် ဒီကလပ်အသင်းကို ပြောင်းဖြစ်ရင် သူ့ရဲ့ လက်ရှိလုပ်ခလစာရဲ့ လေးဆကျော် ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် ရှန်ဟိုင်းအသင်းက အော်စကာအတွက် ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ လည်း ပေးချေဖို့ရှိတာကြောင့် ၂၀၁၄ ခုနှစ် ချယ်လ်ဆီးကနေ ပီအက်စ်ဂျီကို ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ နဲ့ ပြောင်းရွှေ့သွားတဲ့ ဒေးဗစ်လုဇ်ရဲ့ ပြောင်းရွှေ့ကြေးအများဆုံး ချယ်လ်ဆီးကစားသမားဘွဲ့ကို လက်လွှဲရယူနိုင်ဖို့လည်း ရှိနေပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်အတွင်းမှာဘဲ ရာမီရက်စ်က ဂျန်ဆုဆန်းနင်းကလပ်အသင်းကို ပေါင်သန်း ၂၀ နဲ့ ပြောင်းရွှေ့သွားခဲ့သေးသလို အဲဒီကလပ်မှာ အက်သလက်တီကိုတိုက်စစ်မှူး ဂျက်ဆန်မာတီနက်ဇ်၊ အဲလက်စ် တီရှဲရာတို့လို နာမည်ကျော် ကစားသမားတွေလည်း ရှိနေပြီးဖြစ်ပါတယ်။ ရှန်ဟိုင်းရှန်ဟူအသင်းက ကာလို့စ်တီဗက်ဇ်ကို တစ်နှစ်လုပ်ခ ပေါင် ၃၁ ဒသမ ၅ သန်းနဲ့ ကမ်းလှမ်းထားတာကြောင့် အော်စကာအတွက် ရှန်ဟိုင်းအက်စ်အိုင်ပီဂျီရဲ့ အခုကမ်းလှမ်းမှုဟာ အံ့အားသင့်စရာမဟုတ်ဘူးလို့ The Sun သတင်းဌာနက ဖော်ပြပါတယ်။

**(ရွှင်ယန်ဟောင်)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒီဇင်ဘာလ (၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သောကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **"မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ နာယက"၊ "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (MGJEA)




**အာရှနဂါး**
မြေတိုင်း/ကျွိုက်ထီးခိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**အမည်ပြောင်း**
ထားဝယ်မြို့၊ အိမ်ရှေ့ပြင်ရပ်နေ ဦးအုန်းကြိုင်၏သမီးဖြစ်သူ အ. ထ. က-၃၊ ထားဝယ်၊ နဝမတန်းမှ မအေးမြတ်ပိုလ်ပြည့် [၆/ထဝန(နိုင်) ၁၅၀၉၄၀]အား မအိမ့်ရတနာစိုးပြည့်ဟုပြောင်းလဲခေါ်ဆိုပါရန်
**မအိမ့်ရတနာစိုးပြည့်**

**ပျောက်ဆုံးကြောင်း**
ဒေါ်ပြေမြတ်မွန်[၉/မဟမ(နိုင်) ၀၅၆၇၆၅]၏ သွင်းကုန်ပါမစ်အမှတ် ISP IDV8/16-17/27960(10/11/16) မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၄၂၀၀၂၈၁၂၂**




သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဗိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## မရှိမကောင်း ရှိမကောင်း

ဆူဗိုနင်

### အိန္ဒိယတရားရေးရဲ့ အမြင်

"ရုပ်ရှင် စိစစ်ရေးမှာလိုအပ်ပါသည်။ အကြောင်းမှာ ရုပ်ရှင်သည် အတွေးအမြင်ကိုလည်းကောင်း၊ အပြုအမူကိုလည်းကောင်း တွန်းအားပေးသလိုပုံနှိပ်ထားသောစကားလုံးနှင့် နှိုင်းယှဉ်လျှင် အာရုံစိုက်မှုလည်းလွန်စွာမြင့်မား၊ မှတ်မိနိုင်စေသည့် စွမ်းအားလည်းလွန်စွာမြင့်မားသောကြောင့်ပင် ဖြစ်ပေသည်။ အနှောင့်အယှက်ဖြစ်စေသော စိတ်ကူးစိတ်သန်းများကို ချုပ်ငြိမ်းစေလျက် ရုပ်ရှင်ရုံ၏ ခပ်မှောင်မှောင်အနေအထားတွင် သရုပ်ဆောင်ချက်နှင့် ပြောစကား၊ အမြင်နှင့် အသံအာရုံတို့သည် ကြည့်ရှုသူများ၏ စိတ်နှလုံးကို ရိုက်ခတ်နိုင်သလိုခံစားချက်အမျိုးမျိုးကိုလည်း သက်ရောက်စေနိုင်ပါသည်။ သို့ဖြစ်ပေရာ ရုပ်ရှင်သည် အကောင်းကို ဖြစ်လာစေနိုင်သည်နှင့် ဆတူပင်၊ ကြမ်းတမ်းသော၊ ဆိုးရွားသော အပြုအမူကို သွတ်သွင်းမွေးမြူပေးနိုင်စွမ်း အခိုင်အမာရှိနေပေသည်။ အခြားဆက်သွယ်ရေးနည်းလမ်းများနှင့် ရုပ်ရှင်ကိုညီမျှခြင်းချရန် မဖြစ်နိုင်ပေ။ သို့ဖြစ်ရာ ကြိုတင်ကန့်သတ်ခြင်းဖြင့် စိစစ်ဖြတ်တောက်ခြင်းမှာ လိုလားအပ်သည်သာမကဘဲ လိုလည်းလိုအပ်ပေသည်။"

အထက်ကစာဟာအိန္ဒိယနိုင်ငံတရားရုံးချုပ်ရဲ့ စီရင်ထုံးတစ်ခုမှာပါတာပါ။ ရုပ်ရှင်ပြသခွင့်ထုတ်ပေးရေးဗဟိုဘုတ်အဖွဲ့က အဲဒီစီရင်ထုံးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၉ ရက်မှာ ကောက်နုတ်ကိုးကားခဲ့ပါတယ်။

### ရုပ်ရှင်စိစစ်ရေးနဲ့ ဘတစ်ပြန် ကျားတစ်ပြန်

၂၀၀၂ ခုနှစ်မှာ အိန္ဒိယဒါရိုက်တာ အာနန်ပတ္တဝါဒန် ရိုက်ကူးတဲ့ စစ်နဲ့ငြိမ်းချမ်းရေးလို့ အမည်ပေးထားတဲ့ ဇာတ်ကားကို ၂၁ နေရာမှာ ဖြတ်ပေးမှ ပြသခွင့်ပေးမယ်လို့ အဲဒီဘုတ်အဖွဲ့ကဆိုပါတယ်။ အဲဒီဇာတ်ကားမှာ နျူကလီးယားစမ်းသပ်မှု၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တိုက်ခိုက်မှုတွေကိုထည့်သွင်းရိုက်ကူးထားလို့ပါ။ ဇာတ်ကားက စစ်ဆန့်ကျင်ရေးဇာတ်ကားပါ။ ပတ္တဝါဒန်က ဘုတ်အဖွဲ့ရဲ့ဆုံးဖြတ်ချက်ကို မကျေနပ်ပါဘူး။ "သူတို့ဖြတ်ခိုင်းတဲ့အခန်းတွေက ရယ်စရာကောင်းလွန်းတာမို့ တရားရုံးမှာအရာထင်မှာ မဟုတ်ပါဘူး။ ဒါပေသည့် အဲဒီအခန်းတွေသာ ဖြတ်လိုက်မယ်ဆိုရင် အိန္ဒိယမီဒီယာလောကမှာလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကတော့ နိဂုံးတံသွားပေလိမ့်မယ်"လို့ ပတ္တဝါဒန်ကပြောခဲ့ပါတယ်။ တရားရုံးက အဲဒီ ၂၁ ခန်း ဖြတ်ခိုင်းခြင်းဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ မညီဘူးလို့ ဆုံးဖြတ်ခဲ့တာမို့ အဲဒီဇာတ်ကားဟာ ဘာမှမဖြတ်မတောက်ရဘဲ ရုံတင်နိုင်ခဲ့ပါတယ်။

၂၀၀၃ ခုနှစ်မှာတော့ ဒါရိုက်တာစရီဒါရန်ဂါယန် ရိုက်ကူးတဲ့ ပန်းရောင်ကြေးမုံဇာတ်ကားကို အိန္ဒိယမှာ လုံးဝပြသခွင့်မပြုပါဘူး။ အိန္ဒိယကလိင်ပြောင်းထားသူတွေအကြောင်း ရိုက်ကူးထားတဲ့ ဇာတ်ကားပါ။ ဘုတ်အဖွဲ့က "ဟီရိုဩတ္တာပွကင်းမဲ့တယ်၊ စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းတယ်"ဆိုတဲ့ မှတ်ချက်နဲ့ အိန္ဒိယမှာ ပြသခွင့်မပေးတဲ့ အဲဒီဇာတ်ကားကို နိုင်ငံတကာ ရုပ်ရှင်ပွဲတော်အများအပြားမှာ ပြသခဲ့သလို ဆုတွေလည်းရခဲ့တဲ့ဇာတ်ကား ဖြစ်သွားပါတယ်။ ဝေဖန်ရေးဆရာတွေက အကြဉ်ခံအသိုင်းအဝိုင်းကို ထိထိရှရှဖော်ကျူးနိုင်တဲ့ ရုပ်ရှင်လို့ ချီးကျူးခဲ့ကြပါတယ်။

အပြီးသတ်အဖြေဆိုတဲ့ မှတ်တမ်းရုပ်ရှင်ကိုလည်း ၂၀၀၄ ခုနှစ်မှာ ပြသခွင့်ပိတ်ပင်ခဲ့ပါတယ်။ ရုပ်ရှင်က ဟိန္ဒူနဲ့မူဆလင်တို့ကြားက အဓိကရုဏ်းကို ရိုက်ကူးထားတာပါ။ ၂၀၀၂ ခုနှစ်က လူပေါင်းတစ်ထောင်ကျော် သေဆုံးခဲ့ရတဲ့ အိန္ဒိယအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်က ရုန်းရင်းဆန်ခတ်မှုကို မှတ်တမ်းတင်ထားတဲ့ ဇာတ်ကားပါပဲ။ "သွေးထိုးလှုံ့ဆော်ရာအလွန်ရောက်သလို မငြိမ်သက်မှုတွေ၊ ဘာသာရေးအကြမ်းဖက်မှုတွေ ပေါ်ပေါက်လာစေနိုင်တယ်" ဆိုတဲ့ သုံးသပ်ချက်နဲ့ ဘုတ်အဖွဲ့ကခွင့်မပြုခဲ့ပါဘူး။ သို့ပေမယ့် ပြသခွင့်ရရေးအတွက် လနဲ့ချီပြီး စည်းရုံးလှုံ့ဆော်မှုတွေလုပ်ခဲ့ကြတာမို့ အဲဒီနှစ်အောက်တိုဘာလမှာပဲ ပြသခွင့်ရခဲ့ပါတယ်။

### နိုင်ငံခြားရုပ်ရှင်တွေလည်း ပါ

ဟောလီးဝုဒ်က နာမည်ကျော် ဇာတ်ကားဖြစ်တဲ့ ဒါဗင်ချီဝှက်စာဇာတ်ကားကိုဘုတ်အဖွဲ့က အရွယ်ရောက်သူများ ကြည့်နိုင်သည်လို့ ခွင့်ပြုခဲ့ပေမယ့် အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်ခုနစ်ပြည်နယ်မှာ ပြသခွင့်မပြုတဲ့အပြင် အဲဒီဇာတ်လမ်းရဲ့ မူရင်းစာအုပ်ကိုတောင် ဖြန့်ချိရောင်းချခွင့် မပြုပါဘူး။ ဒါပေမယ့် ဖြန့်ချိသူတွေက သက်ဆိုင်ရာပြည်နယ်တရားရုံးချုပ်တွေမှာ တရားဆိုင်တဲ့အခါ တရားရုံးချုပ်တွေက ပြသခွင့်ပေးတဲ့အတွက် နှစ်ပြည်နယ်မှာ ပြသနိုင်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ်ကလည်း ဒါရိုက်တာကမား(လ်)ဟာစံရဲ့ "ဝိဿဝါရူပံ"ဆိုတဲ့ ဇာတ်ကားကို တမီး(လ်)နာဒူး ပြည်နယ်မှာ ပြသခွင့်နှစ်ပတ် ပိတ်ခဲ့ဖူးတာလည်းရှိပါတယ်။ အဲဒီနှစ်မှာပဲအမွေသားမယားပြုကျင့်ခန်းရယ်၊ ဝတ်လစ်စလစ်ခန်းတွေရယ် ပါတဲ့အတွက် "နဂါးရုပ်ထိုးကွင်းနဲ့ မိန်းကလေး" ဆိုတဲ့ အမေရိကန်ရုပ်ရှင်ကို ငါးခန်းဖြတ်ဖို့ ဘုတ်အဖွဲ့ကပြောပါတယ်။ ထုတ်လုပ်သူနဲ့ ဒါရိုက်တာတို့က အဲဒီဇာတ်ကားကို အိန္ဒိယမှာမပြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။

### ဖြတ်မယ်ဆိုမပြဘူးလို့ တင်းခံလိုက်သူတွေလည်းရှိပါရဲ့

၂၀၁၅ ခုနှစ်မှာလည်း ဆန်တို့(ရှ်) ဘာဘူဆနန်နဲ့ ဆာထစ်(ရှ်)ဘာဘူဆနန်ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ရိုက်ကူးတဲ့ "ဆေးသုတ်ထားတဲ့အိမ်" ဇာတ်ကားမှာ ခေါင်းဆောင်မင်းသမီးရဲ့ အခန်းတချို့မှာ ဝတ်လစ်စလစ်တွေနဲ့ ဖြစ်နေတဲ့အတွက် ဘုတ်အဖွဲ့က အရုပ်လေးပိုင်းရယ်၊ အသံတစ်ပိုင်းရယ်ကို ဖြတ်ခိုင်းခဲ့ပြန်ပါတယ်။ ဒါရိုက်တာညီအစ်ကိုက မဖြတ်တဲ့အတွက် အဲဒီကားဟာ ပြသခွင့် မရတော့ပါဘူး။

၂၀၁၆ ခုနှစ်မှာတော့ "အု(ဒ်)တာပန်ဂျပ်"ဆိုတဲ့ ဇာတ်ကားလည်း ရုပ်ရှင်စိစစ်ရေးနဲ့ ပြဿနာတက်ပြန်တယ်။ ဇာတ်ကားက ပန်ဂျပ်ပြည်နယ်ကမူးယစ်ဆေးဝါးပြဿနာကို ရိုက်ကူးထားတာပါ။ မကြားဝံ့မနာသာစကားတွေ၊ မူးယစ်ဆေးသုံးစွဲတာကို ပြထားတဲ့အခန်းတွေ ပါပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင် ၉ ရက်နေ့မှာ ရုပ်ရှင်စိစစ်ရေးက ၉၄ ခန်းနဲ့ စာညွှန်း ၁၃ ခုကို ဖြတ်ခိုင်းပါတယ်။ ပန်ဂျပ်ပြည်နယ်က မြို့ကြီးတွေရဲ့ နာမည်တွေတောင် ဖြတ်ခိုင်းတဲ့အထဲပါတယ်။ လေးရက်အကြာ ၁၃ ရက်မှာတော့ ဘုံဘေတရားရုံးချုပ်က တစ်ခန်းပဲ ဖြတ်ခိုင်းပါတယ်။ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်မှာ သည်ဇာတ်ကားဟာ ပန်ဂျပ်ပြည်နယ်ကို အပုပ်ချတာမဟုတ်ဘဲ လူတွေကိုကယ်တင်ချင်လို့ ရိုက်ကူးထားတာဖြစ်တယ်လို့ပါရှိပါတယ်။

### စဉ်းစားရမယ့် အချက်သုံးချက်

ခုတစ်လောမှာ ရုပ်ရှင်စိစစ်ရေး ရှိသင့်၊ မရှိသင့်ဆိုတဲ့ အချေအတင်ပြောနေသံတွေကြားရလို့ လျှောက်ဖတ်ကြည့်ရင်းနဲ့ တွေ့လိုက်ရတဲ့အထဲက အိန္ဒိယနိုင်ငံရဲ့ ရုပ်ရှင်စိစစ်ရေးအကြောင်း ပြန်ရေးပြလိုက်တာပဲ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံလည်းဖြစ်သလို ကျွန်တော်တို့ နိုင်ငံလိုပဲ ပြည်နယ်တွေ (တိုင်းဒေသကြီးတွေ)နဲ့ ဖွဲ့စည်းထားတဲ့အပြင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံကြီးဖြစ်တာကြောင့်ပါပဲ။ သည်နေရာမှာအချက်သုံးချက်ကိုသုံးသပ်မိပါတယ်။

ပထမတစ်ချက်ကတော့ အိန္ဒိယဟာ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးပါ။ ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရချိန်ကစပြီး ယနေ့ထက်တိုင် ပါလီမန်ဒီမိုကရေစီစနစ်ကို တစိုက်မတ်မတ်ကျင့်သုံးခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်က အဲဒါနဲ့ဆက်စပ်နေပါတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်တဲ့အတွက် ဘက်လိုက်မှု၊ မှီခိုမှု လုံးဝကင်းရှင်းလွတ်လပ်တဲ့ တရားစီရင်ရေးစနစ်လည်း အခိုင်အမာရှိနေတာပါ။ တတိယတစ်ချက်ကတော့ ပညာရေးပါ။ အိန္ဒိယနိုင်ငံရဲ့ ပညာရေးဟာ ဗြိတိသျှကိုလိုနီပညာရေးကို ဆက်လက်ဆက်ခံထားပြီး ခေတ်အလိုက်မွမ်းမံထားတာမို့ နယ်ပယ်အားလုံးမှာ ဆင်ခြင်တုံတရားရှိသူတွေ ပြည့်နှက်နေပါတယ်။

အထက်က ဖြစ်ရပ်တွေမှာ ရုပ်ရှင်စိစစ်ရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို မကျေလည်ရင် သက်ဆိုင်ရာထုတ်လုပ်သူတွေအနေနဲ့ တရားရုံးချုပ်ရဲ့ အဆုံးအဖြတ်ကို တောင်းခံနိုင်တာတွေ့ရပါတယ်။ တရားရုံးတွေကလည်းဉာဏ်ပညာအမြော်အမြင်ကိုသုံးပြီး သမာသမတ်ကျကျ ဆုံးဖြတ်ပေးခဲ့တာတွေ မြင်ရမှာပါ။ စာအစမှာကိုးကားခဲ့တဲ့ စီရင်ထုံးထဲကဝါကျတွေနဲ့တင် အိန္ဒိယတရားရုံးချုပ်ရဲ့ ဆင်ခြင်တုံတရားက သိသာလှပါတယ်။

### ပြသခွင့်ပိတ်တာတစ်ကမ္ဘာလုံးပါ

ရုပ်ရှင်စိစစ်ရေးအဖွဲ့မရှိတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ အများစုက ဒီမိုကရေစီသက် ရင့်မာနေတဲ့ အနောက်နိုင်ငံတွေပဲ ဖြစ်ပါတယ်။ သူတို့တွေမှာက ရုပ်ရှင်အဆင့်သတ်မှတ်ခွဲခြားပေးတဲ့ အဖွဲ့တွေပဲရှိတယ်။ မည်သူမဆိုကြည့်နိုင်တယ်။ မိဘနဲ့အတူမှ ကြည့်သင့်တယ်၊ ကန့်သတ်ထားတယ်၊ အရွယ်ရောက်သူများသာ ကြည့်နိုင်တယ်စသဖြင့် သတ်မှတ်ပေးတာပါ။ အဲဒါကို ကျွန်တော်တို့ဆီမှာ ဟိုပိတ်၊ သည်ပိတ်၊ ဟိုဖြတ်သည်ဖြတ်နဲ့ ပြန်ပြနေတဲ့ တောင်ကိုရီးယားနိုင်ငံက ရုပ်သံဇာတ်လမ်းတွဲတွေမှာအထိ တွေ့ရတယ်။ ကျွန်တော်တို့ဆီမှာက မင်းသမီးရင်ညွန့်ပေါ်နေလည်း ဝါးပြလိုက်၊ မင်းသမီးဘီယာသောက်နေလည်းဝါးပြလိုက်၊ နမ်းခန်းပြလည်း ဖြတ်ပစ်လိုက်နဲ့ လုပ်ချင်တိုင်းလုပ်နေပါတယ်။ ကိုရီးယားမှာတော့ ရှင်းတယ်။ အဲဒါတွေပါလို့ ၁၅ နှစ်အောက်တွေ မကြည့်သင့်လို့ ဇာတ်လမ်းတွဲတိုင်းရဲ့အစမှာ တစ်ခါတည်းရေးထားတယ်။ ဘာမှ ဇယားရှုပ်မနေဘူး။

ပြောလက်စ ပြန်ကောက်ရရင် ဒီမိုကရေစီသက် ရင့်နေတဲ့ နိုင်ငံတွေမှာ ရုပ်ရှင်စိစစ်ရေးသိပ်မလိုဘူးဆိုတာတွေ့ရပါတယ်။ ဒါတောင်မှ အမေရိကားလို နိုင်ငံမျိုးမှာတောင် ပြသခွင့်ပိတ်တဲ့ကားတွေ တစ်ကားစ၊ နှစ်ကားစရှိနေတာလည်း အထင်အရှားပါပဲ။ ကမ္ဘာ့နိုင်ငံအရပ်ရပ်မှာလည်း အဲလိုပြသခွင့်ပိတ်တဲ့ကားတွေ အနမတဂ္ဂပါ။

### မိတ်ဖက်လုပ်မလား၊ ချဉ်ဖတ်လုပ်မလား

ကျွန်တော့် တစ်ဦးတည်းအမြင်ပြောရရင်တော့ ဒီမိုကရေစီအလေ့အကျင့်လေးစမယ်ကြံခါစ နိုင်ငံ၊ တရားစီရင်ရေးမဏ္ဍိုင်ကလည်း အားနည်းနေသေးတဲ့ နိုင်ငံ၊ ပညာရေးချွတ်ခြုံကျနေတဲ့ နိုင်ငံမျိုးမှာတော့ ရုပ်ရှင်စိစစ်ရေးမရှိရင် အကုန်လုံးပရမ်းပတာဖြစ်ကုန်မယ်လို့ ယူဆမိပါတယ်။ ဒီမိုကရေစီဆိုတာ လုပ်ပိုင်ခွင့်နဲ့အတူ တာဝန်ပါတွဲပါနေပါတယ်။ လူလူချင်းလေးစားတတ်တဲ့ အသိစိတ်ဓာတ်အထိ ပါဝင်ပါတယ်။ မှားသွားရင်လည်း ဝန်ချတောင်းပန်ဖို့ ဝန်မလေးရသလို နိုင်တိုင်းလည်း ဖိထောင်းချင်စိတ်တွေ ကင်းပဖို့ လိုပါလိမ့်မယ်။

အဲ. . . ဒါပေမယ့် တစ်ဖက်ကလည်း ရုပ်ရှင်စိစစ်ရေးအဖွဲ့မှာပါဝင်မယ့်သူတွေရဲ့ သဘောထားကလည်း အင်မတန်အရေးကြီးပါတယ်။ ကတ်ကြေးကိုင်ထားတာကိုအကြောင်းပြုပြီး ဖြတ်မှ၊ ညှပ်မှ၊ ကိုက်မှ တာဝန်ကျေမယ်အမှတ်နဲ့ ကိုယ့်ရှေ့ရောက်လာသမျှ ကတ်ကြေးကြီးတရွယ်ရွယ်လုပ်နေမယ့်အဖွဲ့မျိုးဆိုရင်တော့ လူထုချဉ်ဖတ်၊ ရုပ်ရှင်ဆရာတွေရဲ့ ချဉ်ဖတ်သာ ဖြစ်နေမှာပါ။ ကနေ့ပုဂ္ဂလိကအမည်ခံထားတဲ့ ရုပ်သံတွေမှာ ကိုယ့်ဘာသာစိစစ်တဲ့အဖွဲ့တွေ ဖွဲ့ထားကြပါတယ်။ အဲဒီမောင်တွေက အဲလိုကတ်ကြေးတရွယ်ရွယ်နဲ့ တောင်ဖြတ်၊ မြောက်ဖြတ်လုပ်ဖို့ အင်မတန် အထုံပါကြသူများပါပဲ။ ကြက်တူရွေးကတော်တော်မယ်ဘော်ကအလွန်ကဲတဲ့ မောင်တွေပေါ့ဗျာ။ အဖေကြီးများအကြိုက်ကို သူတို့ကအဖေကြီးမယားတွေထက်တောင် ပိုသိနေသလားမှတ်တယ်။ ပိုဆိုးတာက သူတို့ဖြတ်တာကို ဘယ်ကိုမှအယူခံဝင်လို့မရ၊ စောဒကတက်လို့ မရတာမို့ ထင်တိုင်းကဲလို့ ကောင်းနေတာလည်းအမှန်ပါပဲ။

ရုပ်ရှင်စိစစ်ရေးဟာ ဒီမိုကရေစီသက်ရင့်လာ၊ တရားစီရင်ရေးမဏ္ဍိုင်ခိုင်လာတဲ့ကာလအတိုင်းအတာတစ်ခုအထိတော့ ရှိနေသင့်သေးတယ်လို့ မြင်မိပါတယ်။ သို့ပေမယ့် စိစစ်ရေးအဖွဲ့မှာပါတဲ့သူတွေဟာ လွတ်လပ်မျှတတဲ့ သဘောထားရှိဖို့တော့ အထူးလိုအပ်ပါလိမ့်မယ်။ သူတို့ကိုင်စွဲရမယ့် မူတွေလည်း တိတိကျကျ ရှိနေဖို့လိုပါတယ်။

၁၉၆၅ လောက်အထိက မြန်မာကားတွေမှာ ပါးကိုနမ်းတဲ့အခန်းတွေလောက်ကိုခွင့်ပြုခဲ့ပါသေးတယ်။ နောက်ပိုင်းကျမှ ဘာဖြစ်ကုန်တယ် မသိဘူး။ လင်မယား၊ သမီးရည်းစားပြကွက်ဆိုရင် ဘယ်အတိုင်းအတာအထိခွင့်ပြုနိုင်တယ်ဆိုတဲ့ မူအတိအကျမျိုး ထားရှိဖို့လိုပါတယ်။ တစ်ဖက်ကလည်းအပြင်မှာတကယ်ရှိနေတာ၊ ကလေးလူကြီးမမြင်ချင့်အဆုံး၊ ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံတွေကိုမဖြတ်တောက်သင့်တဲ့ မူမျိုးလည်းရှိသင့်တယ်။ တခြားလူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးမူတွေလည်း တိတိကျကျ သတ်သတ်မှတ်မှတ်ထားသင့်သလို ဘာမူတွေ၊ ဘာမူတွေရှိတယ်ဆိုတာကို ရိုက်ကူးထုတ်လုပ်သူတွေသိအောင် ချပြထားမယ်ဆိုရင် အတော်ပြဿနာနည်းသွားမှာပါ။

### တွေးမိတာလေးတွေ

အဓိကကတော့ ဖြတ်လိုက်မယ်၊ ဖြတ်လိုက်မှ တာဝန်ကျေမယ်ဆိုတဲ့ စိတ်အခံကို အပြီးတိုင်ရှင်းထုတ်ထားပြီး နိုင်ငံ့ အကျိုး၊ ရုပ်ရှင်လောကအကျိုးကိုဦးထိပ်ထားတဲ့စိတ်နဲ့ ပြည့်ဝသူများကို ရွေးချယ်ခန့်ထားသွားနိုင်မယ်ဆိုရင်တော့ အများကြီးအဆင်ပြေလာမှာ မလွဲဘူးထင်ပါတယ်။ တစ်ဖက်ကလည်းသူတို့ရဲ့ ဆုံးဖြတ်ချက်တွေကိုစောဒကတက်နိုင်ဖို့ အဖွဲ့တွေလည်းလိုပါလိမ့်မယ်။ အိန္ဒိယမှာတော့ တရားရုံးချုပ်ပေါ့။ ကျွန်တော်တို့ဆီမှာတော့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်လာပြီလို့ယူဆရင် လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ အဖွဲ့တစ်ဖွဲ့ဖွဲ့ရဲ့ အဆုံးအဖြတ်ကိုခံရင် ကောင်းမလားပဲ။ ပြောမယ့်သာပြောရတယ် အဲဒီအဖွဲ့လည်း ဘက်လိုက်မှု၊ မှီခိုမှု အမှန်တကယ်ကင်းရှင်းပြီး အမှန်တကယ် လွတ်လပ်ဦးမှ။ မဟုတ်လို့ကတော့ တိုးတက်ရေးတွေက နှောင့်နှေးလို့ မဆုံးဖြစ်နေဦးမှာပဲခင်ဗျ။

ကျွန်တော် ပြောတိုင်းလက်ခံရမယ်လို့ ဘယ်သူ့ကိုမှ မပြောအပ်ပါဘူး။ စာဖတ်သူလူကြီးမင်းတိုင်းမှာ ကိုယ်ပိုင်ဆင်ခြင်ဉာဏ် အသကအသကနဲ့မို့ မိမိတို့ကိုယ်တိုင် ဆင်ခြင်ပြီးလက်ခံသင့်တယ်ယူဆလည်း လက်ခံနိုင်သလို ပယ်သင့်တယ်ထင်လည်း ပယ်ချလိုက်နိုင်ပါတယ်။ ရုပ်ရှင်ကိုချစ်မြတ်နိုးပြီးကမ္ဘာနဲ့အညီ ရင်ပေါင်မတန်းနိုင်သေးတဲ့တိုင် မြန်မာ့ရုပ်ရှင် ရွှေခေတ်ဖြစ်တဲ့ ၁၉၇၀ ပြည့်လွန်နှစ်များဆီက အခြေအနေလောက်အထိတော့ ပြန်သတိလည်လာစေချင်တဲ့ စေတနာနဲ့ သည်စာကို ဇွတ်မှိတ်ရေးလိုက်ပါတယ်။

အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားမယ်လို့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

ကျွန်တော့်တစ်ဦးတည်းအမြင် ပြောရရင်တော့ ဒီမိုကရေစီအလေ့အကျင့်လေး စမယ်ကြံခါစ နိုင်ငံ၊ တရားစီရင်ရေးမဏ္ဍိုင်ကလည်း အားနည်းနေသေးတဲ့ နိုင်ငံ၊ ပညာရေးချွတ်ခြုံကျနေတဲ့ နိုင်ငံမျိုးမှာတော့ ရုပ်ရှင်စိစစ်ရေး မရှိရင် အကုန်လုံးပရမ်းပတာ ဖြစ်ကုန်မယ်လို့ ယူဆမိပါတယ်။ ဒီမိုကရေစီဆိုတာ လုပ်ပိုင်ခွင့်နဲ့အတူ တာဝန်ပါတွဲပါနေပါတယ်။ လူလူချင်း လေးစားတတ်တဲ့ အသိစိတ်ဓာတ်အထိ ပါဝင်ပါတယ်။ မှားသွားရင်လည်း ဝန်ချတောင်းပန်ဖို့ ဝန်မလေးရသလို နိုင်တိုင်းလည်း ဖိထောင်းချင်စိတ်တွေ ကင်းပဖို့ လိုပါလိမ့်မယ်။

# တူးမြောင်းဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**တူးမြောင်းဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တူးမြောင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တူးမြောင်း** ဆိုသည်မှာ ရေပေးဝေရန်ဖြစ်စေ၊ရေသိုလှောင်ရန် ဖြစ်စေ ပြည်ထောင်စုအစိုးရက တည်ဆောက်သော၊ ထိန်းသိမ်းသော သို့မဟုတ် စီမံခန့်ခွဲသော တူးမြောင်းများ၊ ရေမြောင်းများ၊ ဆည်များ၊ ရေလှောင်တမံများနှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများ၊ မြောင်းပေါင်များ၊ အဆောက်အအုံများနှင့် ရေသွင်း ရေလွှဲမြောင်းများ၊ တူးမြောင်းအတွက် ပြည်ထောင်စုအစိုးရက သိမ်းယူထားသောမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ၊ စက်ယန္တရား၊ အခြားတည်ဆောက်မှု၊ သစ်ပင်၊ စိုက်ခင်း၊ လယ်ကြားမြောင်းနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်နှင့် သဘာဝရေနုတ်မြောင်း၏ အစိတ်အပိုင်းများကို ဆိုသည်။

(ခ) **ကျေးရွာတူးမြောင်း** ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ကျေးရွာတူးမြောင်းအဖြစ် ကြေညာထားသည့် တူးမြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံကိုဆိုသည်။

(ဂ) **လယ်ကြားမြောင်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ကုန်ကျစရိတ်ကျခံ၍ ထိန်းသိမ်းခြင်း မပြုသော်လည်း တူးမြောင်းကရေပေးဝေသော ရေမြောင်းတစ်ခုခုနှင့် ယင်းရေမြောင်းနှင့်သက်ဆိုင်သည့် အထောက်အကူပြု လုပ်ငန်းများအားလုံးကိုဆိုသည်။

(ဃ) **ရေနုတ်မြောင်း** ဆိုသည်မှာ တူးမြောင်းများကလျှံထွက်လာသော ပိုလျှံရေများ၊ သဘာဝအလျောက်ဆင်းလာသော ရေများစုပေါင်း၍ စီးဆင်းသောရေမြောင်းများ၊ ယင်းရေမြောင်းများနှင့် ဆက်စပ်သည့် အဆောက်အအုံများကို ဆိုသည်။

(င) **ကျေးရွာရေနုတ်မြောင်း** ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ကျေးရွာရေနုတ်မြောင်းလုပ်ငန်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းလုပ်ငန်းကိုဆိုသည်။

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသောတူးမြောင်း** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းထားသော တူးမြောင်းကိုဆိုသည်။

(ဆ) **ရေယာဉ်** ဆိုသည်မှာ လှေ၊ ဖောင်၊ သစ်နှင့် ရေတွင်ပေါ်သည့်အခြား အရာဝတ္ထုတို့ကိုဆိုသည်။

(ဇ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တူးမြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ တူးမြောင်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန က ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးကို ဆိုသည်။

(ည) **ခရိုင်တူးမြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာခရိုင်အတွင်းရှိ တူးမြောင်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနကတာဝန်ပေး အပ်သော ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနက လက်ထောက်ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဋ) **မြို့နယ်တူးမြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်အတွင်း ရှိ တူးမြောင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန် ပေးအပ်သော မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ဦးစီးအရာရှိကိုဆိုသည်။

(ဌ) **ရေခွန်** ဆိုသည်မှာ ရေပေးဝေခြင်းအတွက် ကောက်ခံသည့်အခွန် များ၊ တာတမံ ကာကွယ်ထားသည့် စိုက်ပျိုးမြေများအတွက် ကောက်ခံသည့်အခွန်များနှင့် တူးမြောင်းရေကို နည်းအမျိုးမျိုးဖြင့် အသုံးပြုသည့်အတွက် ကောက်ခံသည့်အခွန်ကိုဆိုသည်။

(ဍ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းမျိုးမျိုးကြောင့် တူး မြောင်းအတွင်း ရေလျှံတက်ပြီး တူးမြောင်းပေါင်ကျိုးပေါက်သည့် အခါ အရေးပေါ်ပြင်ဆင်ရသော လုပ်ငန်းကိုဆိုသည်။

**အခန်း (၂)**

**တူးမြောင်းနှင့်ဆက်စပ်သောလုပ်ငန်းများ**

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆည်၊ တာတမံနှင့် တူးမြောင်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျှင် ယင်းသို့ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာနေရာဒေသရှိ ပြည်သူများသိရှိနိုင်ရန် သုံးလကြိုတင်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

၄။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၃ ပါ ဆည်၊ တာတမံနှင့် တူးမြောင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းတည်ဆောက် ရေးလုပ်ငန်းများနှင့် ဆက်စပ်သောလယ်ယာမြေများတွင် ပျက်စီးဆုံးရှုံးမှု အတွက် လျော်ကြေးတောင်းခံသည့် ကိစ္စရပ်များကို မိမိထံတင်ပြနိုင်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး သက်ဆိုင်သည့်နေရာများရှိ အများပြည်သူ သိရှိရန် ဆောလျင်စွာကြေညာရမည်။

၅။ (က) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် -

(၁) လျော်ကြေးတောင်းဆိုမှုများရှိပါက သတ်မှတ်ချက်နှင့်အညီ စုံစမ်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးရမည်၊

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန် တာဝန်ရှိကြောင်း တွေ့ရှိလျှင် ပေးလျော်ရမည့် လျော်ကြေးငွေပမာဏကို သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်တူးမြောင်းအရာရှိနှင့် ညှိနှိုင်း၍သတ်မှတ်ရမည်။

(ခ) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေပမာဏ သတ်မှတ် ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အယူခံဝင်ရောက်နိုင်သည်၊

(ဂ) လျော်ကြေးငွေနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တူးမြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အရာရှိသည် ပုဒ်မ ၃ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းပြီးလိုအပ်သည့် ကြိုတင်ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၇။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ လျော်ကြေးပေးသည့်ကိစ္စရပ်များ ပြီးပြတ်သည့် အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ ခရိုင်တူးမြောင်း အရာရှိသည် တူးမြောင်းနှင့် ဆက်စပ်လျက်ရှိသော ဆည်၊ တာတမံလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၈။ သဘာဝရေစီးရေလာကြောင့် တူးမြောင်း၊ တာတမံများရွှေ့လျောပျက်စီး လာ၍ တူးမြောင်း၊ ဖြတ်မြောင်း သို့မဟုတ် ဖြတ်တာ(ပန်းတာ)များ အသစ် ပြောင်းရွှေ့ တူးဖော်တည်ဆောက်ခြင်းနှင့် မြေစာများစုပုံခြင်းပြုရာတွင် စိုက်ပျိုး ပြီးလယ်ယာမြေများ ပျက်စီးမှုအတွက် လျော်ကြေးငွေ တောင်းခံလာမှုများကို ခရိုင်တူးမြောင်းအရာရှိသည် လျော်ကြေးပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးရမည်။

၉။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် လျော်ကြေးငွေတောင်းဆိုမှုများ နှင့် စပ်လျဉ်း၍ လျော်ကြေးငွေသတ်မှတ်ခြင်းနှင့် လျော်ကြေးငွေတောင်းဆိုသူက အယူခံဝင်ရောက်ခြင်းကိစ္စရပ်များကို ပုဒ်မ ၅ နှင့် အညီ ဆောင်ရွက်ရမည်။

**အခန်း (၃)**

**တူးမြောင်းမှရေကို အသုံးပြုခြင်း**

၁၀။ တူးမြောင်းမှရေကို အသုံးပြုလိုသူသည် လယ်ကြားမြောင်းဖြင့် ရေပေး ဝေမည့် တူးမြောင်းတည်ရှိရာ မြို့နယ်တူးမြောင်းအရာရှိထံ လယ်ကြားမြောင်း တူးဖော်ဖောက်လုပ်ရန် သို့မဟုတ် ပြုပြင်မွမ်းမံရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၁။ မြို့နယ်တူးမြောင်းအရာရှိသည် ပုဒ်မ ၁၀ အရ လျှောက်ထားလွှာကိုရရှိ သည့်အခါ လိုအပ်သလိုစိစစ်၍ လယ်ကြားမြောင်းတူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းပြုရေးအတွက် ခွင့်ပြုနိုင်ရန် ခရိုင်တူးမြောင်းအရာရှိ ထံ မိမိသဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၁၂။ ခရိုင်တူးမြောင်းအရာရှိသည် ပုဒ်မ ၁၁ အရ မြို့နယ်တူးမြောင်းအရာရှိ၏ တင်ပြချက်ကိုစိစစ်ပြီး လယ်ကြားမြောင်း တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံရန်ခွင့်ပြုခြင်း သို့မဟုတ် လိုအပ်ချက်များကို စိစစ်ရန် လမ်းညွှန်ခြင်း ပြုနိုင်သည်။

၁၃။ လယ်ကြားမြောင်း တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း နှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်ကို လယ်ကြားမြောင်း အသုံးပြုသူများက ပူးတွဲ၍ သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ကျခံရန် တာဝန်ရှိစေရမည်။

၁၄။ ဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် မိမိတို့စီမံခန့်ခွဲသော တူးမြောင်းများ နှင့်ကပ်လျက်ရှိသည့် မြေများတွင်နေထိုင်သူတို့ လွယ်ကူစွာ ဖြတ်သန်းသွား လာနိုင်ရေးအတွက် လိုအပ်သောနေရာများတွင် တူးမြောင်းကိုဖြတ်ကျော်သွား လာရန် သင့်လျော်သည့်တံတားများကို ဆောက်လုပ်ပေးရမည်။

၁၅။ တူးမြောင်းတစ်ခုတွင် တံတားဆောက်လုပ်ထားခြင်းမရှိသေးပါက ငါးဦး အောက်မနည်းသော တူးမြောင်းပတ်ဝန်းကျင်ရှိ လယ်ယာမြေလုပ်ကိုင်သူများ သို့မဟုတ် မြေကိုလက်ရှိဖြစ်သူများက လက်မှတ်ရေးထိုး၍ တံတားဆောက်လုပ် ပေးရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ လျှောက်ထားနိုင်သည်။

၁၆။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် လျှောက်ထားလွှာကို လက်ခံရရှိလျှင် လျှောက်ထားလွှာနှင့် သက်ဆိုင်သည့် အကြောင်းအရာများကိုစုံစမ်းစစ်ဆေး စေ၍ တံတားဆောက်လုပ်ပေးရန် အမှန်တကယ်လိုအပ်ကြောင်း တွေ့ရှိရလျှင် ပြည်ထောင်စုကစီမံခန့်ခွဲသော တူးမြောင်းဖြစ်ပါက ဝန်ကြီးဌာနသို့ လည်း ကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှစီမံခန့်ခွဲသော တူးမြောင်းဖြစ် လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီသို့လည်းကောင်း တင်ပြရမည်။

၁၇။ (က) လယ်ကြားမြောင်းအသုံးပြုသူတို့က ရေကိုရယူရာတွင် အများ ပြည်သူဆိုင်ရာလမ်း၊ တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းကို ဖြတ်ကျော်၍ရယူရန် လိုအပ်ပါက ပြုပြင်ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကို ရေအသုံးပြုသူများက ကျခံရမည်။

(ခ) ခရိုင်တူးမြောင်းအရာရှိသည် ပုဒ်မခွဲ (က)အရ လယ်ကြားမြောင်း ဖောက်လုပ်ရာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။

၁၈။ လယ်ကြားမြောင်းအသစ် တူးဖော်ဖောက်လုပ်လိုသူနှင့် လယ်ကြားမြောင်း ကို လွှဲပြောင်းရယူလိုသူတို့သည် မြို့နယ်တူးမြောင်းအရာရှိထံ သတ်မှတ်ချက် နှင့်အညီ လျှောက်ထားနိုင်သည်။

၁၉။ မြို့နယ်တူးမြောင်းအရာရှိသည် ပုဒ်မ ၁၈ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ လိုအပ်သလိုစိစစ်၍ လယ်ကြားမြောင်းအသစ်ဖောက်လုပ်ရန် သင့်၊ မသင့်ကိုလည်းကောင်း၊ လွှဲပြောင်းရန်သင့်၊ မသင့်ကိုလည်းကောင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်တူးမြောင်းအရာရှိထံ တင်ပြရမည်။

၂၀။ ခရိုင်တူးမြောင်းအရာရှိသည် မြို့နယ်တူးမြောင်းအရာရှိ၏ တင်ပြချက်ကို စိစစ်ပြီး လယ်ကြားမြောင်းအသစ်ကို တူးဖော်ဖောက်လုပ်သင့်ကြောင်း သို့မဟုတ် လွှဲပြောင်းရယူ သင့်ကြောင်း ယူဆလျှင် လယ်ကြားမြောင်းဖြတ်သန်းရာ လယ်ယာမြေများအတွက် လျော်ကြေးပေးရေးနှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် မိမိသဘောထားမှတ်ချက်နှင့်အတူ ခရိုင်အထွေထွေအုပ်ချုပ် ရေးမှူးထံ ညှိနှိုင်းအကြောင်းကြားရမည်။

၂၁။ ပုဒ်မ ၂၀ အရ လယ်ကြားမြောင်းအသစ် တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် လယ်ကြားမြောင်းဖြတ်သန်းရာတစ် ဖက်တစ်ချက်ရှိ မြေလက်ရှိဖြစ်သူတို့က ယင်းလယ်ကြားမြောင်းကရေကိုရယူ ခံစားပါက ယင်းမြေအတွက် လျော်ကြေးခံစားခွင့်မရှိဘဲ သစ်ပင်နှင့်သီးနှံပျက် စီးမှုအတွက်သာ လျော်ကြေးခံစားခွင့်ရှိသည်။

၂၂။ လယ်ကြားမြောင်း သို့မဟုတ် မြေနှင့်အကျိုးသက်ဆိုင်သူသည် လယ်ကြားမြောင်း အသစ်တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့ နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်နှင့်အညီ ကန့်ကွက်တင်ပြနိုင်သည်။

၂၃။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၂၂ အရ ကန့်ကွက် တင်ပြ ချက်ကိုရရှိလျှင်-

(က) ခရိုင်တူးမြောင်းအရာရှိနှင့်အတူ လိုအပ်သောစုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ကန့်ကွက်တင်ပြချက်ကိုလက်ခံ၍ အရေးယူ ဆောင်ရွက်ခြင်း သို့မဟုတ် ကန့်ကွက်တင်ပြချက်ကို ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၄။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် လယ်ကြားမြောင်းအသစ်ဖောက် လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် ကုန်ကျစရိတ်ကိုလည်းကောင်း၊ လယ်ကြားမြောင်းကို လွှဲပြောင်းရယူခြင်းအတွက် ပျက်စီးဆုံးရှုံးမှုလျော်ကြေး ကိုလည်းကောင်း သက်ဆိုင်သူက ကျခံရေးအတွက် ဆောင်ရွက်ရမည်။

၂၅။ လယ်ကြားမြောင်း အသစ်ဖောက်လုပ်ခြင်းအတွက် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးက သတ်မှတ်သောကုန်ကျစရိတ်ကို လယ်ကြားမြောင်း အသုံး ပြုသူက ကျခံရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ လယ်ကြားမြောင်းကို လွှဲပြောင်းရယူခြင်းအတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက သတ်မှတ် သော ကုန်ကျစရိတ် သို့မဟုတ် ပျက်စီးဆုံးရှုံးမှုလျော်ကြေးကို လွှဲပြောင်းရယူသူ က ကျခံရန်ပျက်ကွက်လျှင်သော်လည်းကောင်း လယ်ကြားမြောင်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ပေး အပ်ခြင်းမပြုဘဲ နေနိုင်သည်။

၂၆။ လယ်ကြားမြောင်း အသုံးပြုခွင့်ရှိသူသည် ရေထွက်ပေါက်ကို ပျက်စီး စေခြင်း သို့မဟုတ် ချဲ့ထွင်ခြင်းပြုလုပ်လျှင် ခရိုင်တူးမြောင်းအရာရှိက ယင်း လယ်ကြားမြောင်း အသုံးပြုသူကို လယ်ကြားမြောင်းထိန်းသိမ်းပြုပြင်မှု မရှိ သူအဖြစ် သတ်မှတ်ပြီး ယင်းလယ်ကြားမြောင်း ပြန်လည်ပြင်ဆင်ရသည့် ကုန်ကျစရိတ်ကို ကျခံစေရမည့်အပြင် တူးမြောင်းမှ ရေပေးဝေမှုကို ရပ်ဆိုင်းထားနိုင်သည်။

၂၇။ သက်ဆိုင်ရာလယ်ကြားမြောင်းအသုံးပြုသူတို့သည် လယ်ကြားမြောင်း အများအပြား ဘေးချင်းယှဉ်ရှိခြင်း၊ အလျားရှည်စွာ စီးဆင်းလျက်ရှိခြင်းနှင့် နီးကပ်လွန်းခြင်းတို့ကြောင့် နုန်းစွန့်ရန်နေရာလပ်မရှိသော ၊ အခက်အခဲဖြစ်ပြီး ငွေကုန်ကြေးကျများသော အခြေအနေဖြစ်ပေါ်လျှင် ခရိုင်တူးမြောင်းအရာရှိထံ တင်ပြနိုင်သည်။

၂၈။ ခရိုင်တူးမြောင်းအရာရှိသည် ပုဒ်မ ၂၇ အရ လယ်ကြားမြောင်း အသုံးပြု သူ၏ တင်ပြချက်ကိုရရှိလျှင် -

(က) လယ်ကြားမြောင်း ပူးတွဲခြင်းနှင့် အစားထိုးပြင်ဆင်ခြင်းတို့ ပြုလုပ် နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တူးမြောင်းအရာရှိ၏ သဘောတူညီချက်ကို ရယူရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တူးမြောင်းအရာရှိ၏ သဘော တူညီချက်ရရှိသည့်အခါ လယ်ကြားမြောင်းပူးတွဲခြင်းနှင့် အစား ထိုးပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ရာတွင် လယ်ကြားမြောင်းပိုင်ရှင်တို့၏ ရသင့်ရထိုက်သော ရေပမာဏအောက် လျော့နည်းမသွားစေရန် စီမံဆောင်ရွက်ရမည်။

**အခန်း (၄)**

**ရေပေးဝေခြင်း**

၂၉။ ခရိုင်တူးမြောင်းအရာရှိသည် အောက်ပါအကြောင်းများပေါ်ပေါက်လျှင် တူးမြောင်းမှ ရေပေးဝေမှုကို ပိတ်ပင်ရပ်ဆိုင်းနိုင်သည် -

(က) ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်အရ လုပ်ငန်းတစ်ခုခု ဆောင်ရွက် နိုင်ရေးအတွက် ရေပေးဝေမှုကို ပိတ်ပင်ရပ်ဆိုင်းရန်လိုအပ်ခြင်း၊

**ဆက်လက်ဖော်ပြပါမည်**

Premier League

## ပရီးမီးယားလိဂ်ရင်ခုန်သံ-၁၇

# အဝေးကွင်းမှာ မန်စီးတီးကို ခက်ခက်ခဲခဲရင်ဆိုင်ရတော့မယ့် အာဆင်နယ်

ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ ကိုလာမယ့် ဒီဇင်ဘာ ၁၇၊ ၁၈၊ ၂၀ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ပွဲစဉ်-၁၆ နဲ့ နီးကပ်နေတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာမန်စီးတီးနဲ့ အာဆင်နယ်၊ အဲဗာတန်နဲ့ လီဗာပူးတို့ဆုံတွေ့နေလို့စိတ်ဝင်စားဖို့လည်းကောင်းနေပါတယ်။

### ရှိုင်း မင်း မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ဆန်းချက်ဇ်(အာဆင်နယ်) | -၁၂ဂိုး |
| ဒီယေဂိုကော်စတာ(ချယ်လ်ဆီး) | -၁၂ဂိုး |
| အဂူရို(မန်စီးတီး) | -၁၀ဂိုး |
| လူကာကူ(အဲဗာတန်) | -၉ဂိုး |
| ဒီဖိုး(ဆန်းဒါးလန်း) | -၈ဂိုး |



### ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၁၆ | ၁၃ | ၁ | ၂ | ၃၄ | ၁၁ | ၂၃ | ၄၀ |
| ၂ | လီဗာပူး | ၁၆ | ၁၀ | ၄ | ၂ | ၄၀ | ၂၀ | ၂၀ | ၃၄ |
| ၃ | အာဆင်နယ် | ၁၆ | ၁၀ | ၄ | ၂ | ၃၇ | ၁၇ | ၂၀ | ၃၄ |
| ၄ | မန်စီးတီး | ၁၆ | ၁၀ | ၃ | ၃ | ၃၄ | ၁၉ | ၁၅ | ၃၃ |
| ၅ | စပါး | ၁၆ | ၈ | ၆ | ၂ | ၂၇ | ၁၁ | ၁၆ | ၃၀ |
| ၆ | မန်ယူ | ၁၆ | ၇ | ၆ | ၃ | ၂၂ | ၁၇ | ၅ | ၂၇ |
| ၇ | ဝက်စ်ဘရွန်း | ၁၆ | ၆ | ၅ | ၅ | ၂၃ | ၁၉ | ၄ | ၂၃ |
| ၈ | အဲဗာတန် | ၁၆ | ၆ | ၅ | ၅ | ၂၁ | ၂၀ | ၁ | ၂၃ |
| ၉ | ဆောက်သမ်တန် | ၁၆ | ၅ | ၆ | ၅ | ၁၄ | ၁၅ | -၁ | ၂၁ |
| ၁၀ | ဘုန်းမောက် | ၁၆ | ၆ | ၃ | ၇ | ၂၂ | ၂၅ | -၃ | ၂၁ |
| ၁၁ | ဝက်ဖို့ဒ် | ၁၆ | ၆ | ၃ | ၇ | ၂၁ | ၂၈ | -၇ | ၂၁ |
| ၁၂ | စတုတ် | ၁၆ | ၅ | ၅ | ၆ | ၁၇ | ၂၂ | -၅ | ၂၀ |
| ၁၃ | ဘန်လေ | ၁၆ | ၅ | ၂ | ၉ | ၁၅ | ၂၆ | -၁၁ | ၁၇ |
| ၁၄ | လက်စတာ | ၁၆ | ၄ | ၄ | ၈ | ၂၁ | ၂၇ | -၆ | ၁၆ |
| ၁၅ | ဝက်စ်ဟမ်း | ၁၆ | ၄ | ၄ | ၈ | ၁၈ | ၃၁ | -၁၃ | ၁၆ |
| ၁၆ | ခရစ္စတယ်ပဲလေ့စ် | ၁၆ | ၄ | ၃ | ၉ | ၂၈ | ၃၁ | -၃ | ၁၅ |
| ၁၇ | မစ်ဒယ်ဘရော့ | ၁၆ | ၃ | ၆ | ၇ | ၁၃ | ၁၉ | -၆ | ၁၅ |
| ၁၈ | ဆွမ်းဆီး | ၁၆ | ၃ | ၃ | ၁၀ | ၂၀ | ၃၄ | -၁၄ | ၁၂ |
| ၁၉ | ဟားလ်စီးတီး | ၁၆ | ၃ | ၃ | ၁၀ | ၁၄ | ၃၅ | -၂၁ | ၁၂ |
| ၂၀ | ဆန်းဒါးလန်း | ၁၆ | ၃ | ၂ | ၁၁ | ၁၄ | ၂၈ | -၁၄ | ၁၁ |

### ပဲလေ့စ် - ချယ်လ်ဆီး
**ည ၇း၀၀ (၁၇-၁၂-၁၆)**

အခုနောက်ပိုင်းမှာ ပဲလေ့စ်ခြေကပြန်လည်ကောင်းမွန်လာပါ တယ်။ ခံစစ်ပိုင်းကအားနည်းမှုတွေရှိနေပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေရရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကလည်း ခံစစ်ပိုင်းကောင်းမွန်မှုရှိသလို တိုက်စစ်ကစားပုံလည်းကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်တို့ ဒီပွဲစဉ်မှာအခက်တွေ့နိုင်ကာချယ်လ်ဆီးပဲနိုင်ပွဲရသွားဖို့ရှိနေပါတယ်။

### မစ်ဒယ်ဘရော့ - ဆွမ်းဆီး
**ည ၉း၃၀ (၁၇-၁၂-၁၆)**

